# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် ၊နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၃၀၄)၊ ၁၃၈၈ ခုနှစ် ၊ တော်သလင်းလပြည့်ကျော် ၁၂ ရက်၊ ၈–၁၀–၂၀၂၆၊ ကြာသပတေးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

နေပြည်တော် အောက်တိုဘာ ၇

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ရှမ်းပြည်နယ် (တောင်ပိုင်း)တွင် နေရာအနှံ့အပြား၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဓလ




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာ-မလေးရှား နှစ်နိုင်ငံ စီးပွားရေးဆိုင်ရာ အဆင့်မြင့်ဆွေးနွေးပွဲသို့ တက်ရောက်၍ နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာ-မလေးရှား နှစ်နိုင်ငံ စီးပွားရေးဆိုင်ရာ အဆင့်မြင့်ဆွေးနွေးပွဲသို့ တက်ရောက်၍ နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေးဆိုင်ရာများ ဆွေးနွေးပြောကြား

နေပြည်တော် အောက်တိုဘာ ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် မလေးရှားနိုင်ငံတို့အကြား ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်နိုင်ရန် ရည်ရွယ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) နှင့် မလေးရှားနိုင်ငံ ကုန်သည်စက်မှုအသင်းချုပ်(NCCIM)တို့က ဦးစီးကျင်းပပြုလုပ်သည့် မြန်မာ-မလေးရှား နှစ်နိုင်ငံ စီးပွားရေးဆိုင်ရာ အဆင့်မြင့် ဆွေးနွေးပွဲ (Myanmar-Malaysia High Level Business Dialogue 2026)ကို ယနေ့မွန်းလွဲပိုင်းတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ InterContinental Kuala Lumpur Hotel ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်ပြီး နှစ်နိုင်ငံအကြားရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေးဆိုင်ရာများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

စာမျက်နှာ ၃ သို့ ☆



## ကျွန်းလှမြို့နယ်၌ မိုးမြေပဲစိုက်ကေအားလုံး ရိတ်သိမ်းပြီးစီး

ကျွန်းလှ အောက်တိုဘာ ၇

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် ဆီထွက်သီးနှံမျိုးစုံစိုက်ပျိုးထုတ်လုပ်ကြရာ ယခုနှစ် မိုးရာသီစိုက်ပျိုးခဲ့သော မိုးမြေပဲစိုက်ကေအားလုံး ရိတ်သိမ်းပြီးဖြစ်သည်။

စာမျက်နှာ ၆ သို့ ○

## မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အားကစားကွင်း၊ အားကစားရုံများ အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိ

နေပြည်တော် အောက်တိုဘာ ၇

မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ပြင်ဦးလွင်မြို့နယ် အားကစားကွင်း အခြေအနေ၊ ခရိုင်အားကစားကွင်း အတွင်းရှိ တင်းနစ်ကွင်း၊ ဖူဆယ်ရုံ၊ တိုက်ကွမ်ဒိုရုံ၊ ကြက်တောင်ရုံ၊ လက်ဝှေ့ရုံ၊ စားပွဲတင်တင်းနစ်ရုံ၊ GYM ခန်းမ၊ ဘောလုံးကွင်းနှင့် Synthetic ပြေးလမ်းနှင့် အားကစားကွင်း၊ အားကစားရုံများတွင် အားကစားနည်းများအလိုက် အားကစားသမားများ လေ့ကျင့်နေမှုကို ယနေ့နံနက်ပိုင်းတွင် အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီ



စာမျက်နှာ ၆ သို့ ✳

၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၈ ရက်၊ ကြာသပတေးနေ့။

မန္တလေး နေ့စဉ်

# ကြိုးစားရင်း တန်ဖိုးရှိသော လူ့ဘဝကို ရရှိနိုင်မည်

လူသားတို့သည် မိမိဘဝကို မိမိကသာ ဖန်တီးနိုင်သူများဖြစ်သည်။ မိမိဘဝကို မိမိဘာသာ ထွင်းထုပုံဖော်ကြရမည်ဖြစ်သည်။ လူ့ဘဝသည် "ပုခက်နှင့် သင်္ချိုင်းကြားကာလ"ဟု ဆိုကြသည်။ ထိုကာလကို "ထမင်းအိုးဆူသောအခါ ထလာသော ရေပွက်တစ်ပွက်မျှသာကြာသည်"ဟုလည်း တင်စားဆိုကြပြန်သည်။ ထိုကဲ့သို့ တိုတောင်းလှသော လူ့ဘဝတွင် လူသားအသီးသီး၌ ဘဝကို ပုံစံအမျိုးမျိုးဖြင့် ဖြတ်သန်းကြသည်။ အချို့သောဘဝသည် ဖွားမြင်စကတည်းက ကံ၏အကျိုးပေးမှုကြောင့် စည်းစိမ်ချမ်းသာကို ရရှိကြသည်။ အချို့သောသူများမှာ ဤသို့မဟုတ်ချေ။ ငယ်ရွယ်စဉ်ဘဝကတည်းက ထမင်းနပ်မှန်ဖို့အရေး ရုန်းကန်လှုပ်ရှားကြရသည်။ ထိုကဲ့သို့ အခြေအနေနှစ်ရပ်ကြားတွင် လှုပ်ရှားရုန်းကန်ရင်း လောကဓံတရားနှင့် မလွဲမသွေကြုံကြရမည်ဖြစ်သည်။ မည်သို့သော တွေ့ကြုံရသည့် စမ်းသပ်မှုများကို ကြုံတွေ့လာစေမူ တတ်နိုင်သမျှ ကောင်းအောင်ကြိုးစားပြီး လူ့ဘဝကို ရပ်တည်နေထိုင်သွားရမည်ဖြစ်သည်။ မည်မျှပင် ကြမ်းတမ်းခက်ထန်ပါစေ ဘဝကို ကြိုးစားရုန်းကန်လျှင် တန်ဖိုးရှိသောဘဝကို ရရှိနိုင်မည်ဖြစ်သည်။

ထို့အပြင် ကျောင်းသား၊ ကျောင်းသူလူငယ်များအဖို့ ပညာသင်ယူကြရာတွင် တန်ဖိုးရှိသော သူများဖြစ်လာကြရန် မျှတသောကြိုးစားအားထုတ်မှု၊ ငွေ၊ လုံ့လ၊ ဝီရိယတို့ ရှိရမည်ဖြစ်သည်။ သတိဖြင့်ပညာကို စဆောင်းရမည်ဖြစ်သည်။ "ခြကိုပုံထား၊ ပျားကိုပုံပြုပမာဟူ၍" ပညာသင်ကြားရင်း ဆရာ၊ ဆရာမများ၏ ဂုဏ်ကျေးဇူးကိုလည်း အမြဲမပြတ် သတိပြုဆင်ခြင်သင့်သည်။ ပညာပြည့်ဝပြီး စိတ်နှလုံးလှသော တန်ဖိုးရှိသည့်ဘဝကို ရရှိနိုင်မည်ဖြစ်သည်။

"အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက" ဟူသောဆောင်ပုဒ်သည် ပထမအရွယ် ကျောင်းသားဘဝကပင်စည်းကမ်းလိုက်နာတတ်စေရန် လေ့ကျင့်ပျိုးထောင်သင့်ကြောင်းကို ညွှန်းဆိုနေခြင်းဖြစ်သည်။ ကျောင်းနေစဉ်အရွယ်၌ သတ်မှတ်ထားသော ကျောင်းဝတ်စုံဝတ်ဆင်ကြရသည်။ သတ်မှတ်ထားသော ကျောင်းချိန်အမီ အချိန်မှန်တက်ကြရမည်။ အချိန်မှန်ကျောင်းဆင်းကြရမည်။ ဤသည်တို့မှာ ကျောင်းသား၊ ကျောင်းသူတိုင်း လိုက်နာရမည့် အခြေခံစည်းကမ်းဖြစ်သည်။ ထို့ကြောင့် စည်းကမ်းလိုက်နာခြင်းဖြင့် တန်ဖိုးရှိသောလူများဖြစ်လာစေရန် ကြိုးစားနေထိုင်သင့်သည်။

ထို့ပြင် ဒုတိယအရွယ်တွင် ဥစ္စာရှာကြရမည်ဖြစ်သည်။ထိုသို့ ဥစ္စာရှာဖွေရာတွင် အလုပ်ခွင်စည်းကမ်းများကို လိုက်နာကြရမည်ဖြစ်သည်။ တစ်ဖန်တတိယအရွယ်တွင် တရားဘာဝနာရှာဖွေကြရမည်ဖြစ်သည်။ ဘဝအောင်မြင်ရေး၊ ဘဝရပ်တည်နိုင်ရေးအစရှိသည့် ကိစ္စရပ်များတွင် စည်းကမ်းနှင့်အညီ ပြုမူဆောင်ရွက်ခြင်းကြောင့် အောင်မြင်မှုများနှင့် ကြုံရမည်ဖြစ်သည်။ ထိုသို့ နေရာတိုင်းတွင် ချမှတ်၊ သတ်မှတ်ထားသည့် စည်းကမ်းတို့ကို လိုက်နာဆောင်ရွက်ပါက တန်ဖိုးရှိသောလူ့ဘဝတွင် အကျိုးကျေးဇူးများစွာ ရရှိမည်ဖြစ်သည်။

သို့ဖြစ်ရာ လူ့ဘဝတန်ဖိုးသည် နေ့စဉ်ပြုကျင့်ရသည့် တန်ဖိုးမဖြတ်နိုင်သောအရာပင်ဖြစ်သည်။ ဘဝကို ကြိုးစားရုန်းကန်လျှင် တန်ဖိုးရှိသောဘဝကို ရရှိနိုင်မည်ဖြစ်သည်။ လူသားတို့သည် တစ်နေကုန်သွားသည်နှင့် မိုးလင်းမှမိုးချုပ် မိမိဆောင်ရွက်ခဲ့သည့် အရာမှန်သမျှတို့ကို ဆင်ခြင်ပြုမူနေထိုင်သင့်သည်။ မိမိအကျိုး၊ အများအကျိုးတို့ကို မည်မျှဆောင်ရွက်နိုင်ခဲ့ကြောင်းကို ပြန်လည်တွေးဆသင့်ကြောင်း ရေးသားလိုက်ရပေသည်။

## လျှပ်စစ်ဓာတ်အား ပြတ်တောက်ခဲ့သော တောင်ပြုံးငယ်ကျေးရွာ ဓာတ်အားပြန်လည်ရရှိ

**မတ္တရာ အောက်တိုဘာ ၇**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ မတ္တရာမြို့နယ်ရှိ ကျေးရွာများတွင် အကြောင်းအမျိုးမျိုးကြောင့် လျှပ်စစ်ဓာတ်အားပြတ်တောက်ခဲ့သော ကျေးရွာများမှ ဓာတ်အားသုံးစွဲသူများ လျှပ်စစ်ဓာတ်အား ပြန်လည်ရရှိရေးအတွက် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း မတ္တရာမြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ တာဝန်ရှိသူများနှင့် ကျွမ်းကျင်ဝန်ထမ်းများဖြင့် ဆောင်ရွက်ခဲ့ရာ တောင်ပြုံးငယ်ကျေးရွာတွင် ယနေ့နံနက်ပိုင်းက လျှပ်စစ်ဓာတ်အားပြန်လည်ရရှိခဲ့ပြီဖြစ်သည်။

အဆိုပါကျေးရွာ လျှပ်စစ်ဓာတ်အား ဓာတ်အားလွှတ်ပွဲသို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်အောင်ထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်လျှပ်စစ်မန်နေဂျာနှင့် တာဝန်ရှိသူများ၊ ကျေးရွာမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ပြီး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးက ခလုတ်နှိပ်၍ ကျေးရွာအတွင်းသို့ ဓာတ်အားလွှတ်ပေးခဲ့သည်။

ဆက်လက်၍ ကျေးရွာနေပြည်သူများအား လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။ ယနေ့မီးလင်းသည့် တောင်ပြုံးငယ်ကျေးရွာ (11KV၊ 200KVA ထရန်စဖော်မာ)သည် မတ္တရာဓာတ်အားခွဲရုံမှ ဓာတ်အားပေးပို့သည့် ၂၁ ရွာမြောက် ဓာတ်အားပြန်လည်ရရှိခြင်းဖြစ်ပြီး အဆိုပါကျေးရွာမှ အိမ်ခြေ ၈၆ အိမ်အား မီးချိတ်ဆက်ပေးနိုင်ခဲ့ကာ ကျန်ရှိနေအိမ်များ မီးလင်းရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး တောင်ပြုံးဓာတ်အားခွဲရုံနှင့် မတ္တရာဓာတ်အားခွဲရုံမှ အိမ်ခြေ ၁၄၄၃၂ အိမ်သို့ လျှပ်စစ်ဓာတ်အားပေးနိုင်ပြီဖြစ်ကြောင်း သိရသည်။

**ရွှေရာသား**

## ဆောင်းရာသီ စိုက်ပျိုးစရိတ် ချေးငွေပေးအပ်ပွဲ ကျင်းပ

**စဉ့်ကိုင် အောက်တိုဘာ ၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၌ ယမန်နေ့ မွန်းလွဲ ၂ နာရီက စဉ့်ကိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ၂၀၂၆ ခုနှစ်၊ ဆောင်းရာသီ စိုက်ပျိုးစရိတ် ချေးငွေပေးအပ်ပွဲ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာမောင်စိုးက အဖွင့်အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာ ဦးသက်ဦးက မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တောင်သူများအား ချေးငွေများ ထုတ်ချေးမှုနှင့်ပတ်သက်၍ စည်းကမ်းချက်များအား ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ တာဝန်ရှိသူများက ကြက်စိမ့်ကျေးရွာမှ တောင်သူ ၆၃ ဦးအား ဆောင်းသီးနှံ ၂၀၂ ဧကအတွက် စိုက်ပျိုးစရိတ်ချေးငွေ ကျပ် ၅၀၅ သိန်း ထုတ်ချေးပေးခဲ့ရာ တောင်သူများကိုယ်စား တောင်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာ ဦးသက်ဦး၊ မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာ ဒေါ်သွယ်စုမွန်နှင့်ဝန်ထမ်းများ၊ မြို့နယ်ချေးငွေအကြံပေးအဖွဲ့ဝင်များ၊ တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

**သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

## အမြဲမပြတ်လေ့လာသင်ယူရေးစကားဝိုင်း(Never Stop Learning Talk Show) ကျင်းပ

**ပခုက္ကူ အောက်တိုဘာ ၇**

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော ကျောင်းစာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် အမြဲမပြတ်လေ့လာသင်ယူရေးစကားဝိုင်း (Never Stop Learning Talk Show)ကို ယနေ့နံနက်ပိုင်းက အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။




ရှေးဦးစွာ ပခုက္ကူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန်းယုမော်က လူငယ်စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ **(အောက်ပုံ)**

ဆက်လက်၍ အမြဲမပြတ်လေ့လာလာသင်ယူရေးစကားဝိုင်း (Never Stop Learning Talk Show)ကို ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ချိုချိုမာက ဦးဆောင်ဆွေးနွေးသူအဖြစ် ပါဝင်ဆောင်ရွက်ပြီး အ.ထ.က(၂)ကျောင်းမှ Grade-10 ကျောင်းသား မောင်အောင်ငြိမ်းထွဋ်၊ အ.ထ.က(၅)ကျောင်းမှ Grade-11 ကျောင်းသူ မသက်သက်အောင်၊ PCH ကိုယ်ပိုင်ကျောင်းမှ Grade-10 ကျောင်းသူ မနှင်းနေခြည်ဦး၊ မင်းမဟော်ကိုယ်ပိုင်ကျောင်းမှ Grade-10 ကျောင်းသား မောင်မိုးသူရကျော်တို့က စာရေးဆရာကြီးအောင်သင်း ရေးသားထုတ်ဝေထားသော "လူငယ်ရဲ့ဘဝနှင့်တန်ဖိုး"စာအုပ်ပါအကြောင်းအရာများကိုလည်းကောင်း၊ အ.ထ.က(၃)ကျောင်းမှ Grade-10 ကျောင်းသူ မမြမ့ူးခင်၊ အ.ထ.က(၄)ကျောင်းမှ Grade-10 ကျောင်းသူ မစိမ်းလဲ့လဲ့ခိုင်၊ ပညာမဏ္ဍိုင်ကိုယ်ပိုင်ကျောင်းမှ Grade-11 ကျောင်းသား မောင်ကောင်းခန့်ထွန်း၊ ပညာမဏ္ဍိုင်ကိုယ်ပိုင်ကျောင်းမှ Grade-7 ကျောင်းသား မောင်တေဇအောင်တို့က စာရေးဆရာဖေမြင့် ရေးသားထုတ်ဝေထားသော "ဘဝတိုးတက်မှုအတွက် စာဖတ်ခြင်း" စာအုပ်ပါအကြောင်းအရာများကိုလည်းကောင်း ကဏ္ဍအလိုက်ပါဝင်ဆွေးနွေးကြရာ တက်ရောက်လာသည့် ဆရာ၊ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များမေးမြန်းကာ ပြန်လည်ဆွေးနွေးကြကြောင်း သိရသည်။

**(၃၄၀)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း/Fax-၀၂-၄၀၆၉၉၆၂၊ ၂၉လမ်း၊ ၇၃လမ်းနှင့်၇၄လမ်းကြား၊

☆ ရှေ့ဖုံးမှ

အဆိုပါ မြန်မာ-မလေးရှား နှစ်နိုင်ငံ စီးပွားရေးဆွေးနွေးပွဲသို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာသည့် မြန်မာ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ မလေးရှားနိုင်ငံ အစိုးရအဖွဲ့မှတာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI) ဥက္ကဋ္ဌ ဦးအေးဝင်းနှင့် အဖွဲ့ဝင်များ၊ မလေးရှားနိုင်ငံ ကုန်သည်စက်မှုအသင်းချုပ်(NCCIM) ဥက္ကဋ္ဌ Mr. Norsyahrin Hamidon နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ ထိပ်သီး စီးပွားရေး လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မြန်မာ-မလေးရှား နှစ်နိုင်ငံစီးပွားရေးဆိုင်ရာ အဆင့်မြင့်ဆွေးနွေးပွဲသို့ ရောက်ရှိလာရာ တာဝန်ရှိသူများနှင့် နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် မြန်မာ-မလေးရှား နှစ်နိုင်ငံ စီးပွားရေးဆွေးနွေးပွဲကို အခမ်းအနား အစီအစဉ်အတိုင်း စတင်ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)ဥက္ကဋ္ဌ ဦးအေးဝင်းနှင့် မလေးရှားနိုင်ငံ ကုန်သည်စက်မှုအသင်းချုပ်(NCCIM) ဥက္ကဋ္ဌ Mr. Norsyahrin Hamidon တို့က ကြိုဆိုဂုဏ်ပြု နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတက နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေး ဆိုင်ရာများနှင့် ပတ်သက်၍ အဖွင့်အမှာစကား ပြောကြားရာတွင် မိမိတို့နှစ်နိုင်ငံသည် တူညီသည့် သမိုင်းကြောင်းများရှိပြီး ပထဝီအနေအထားအရ အရှေ့တောင် အာရှကျွန်းဆွယ်၌ အတူတည်ရှိနေသည့် အာဆီယံ အဖွဲ့ဝင်နိုင်ငံများလည်း ဖြစ်ကြကြောင်း၊ ယနေ့အချိန်အခါတွင် နှစ်နိုင်ငံဆက်ဆံရေးသည် နိုင်ငံရေးနှင့် သံတမန်ရေးရာကဏ္ဍများ အပြင် စီးပွားရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ဆက်သွယ်ရေးနှင့် နည်းပညာ၊ စွမ်းအင်၊ ခရီးသွားလုပ်ငန်း၊ ပညာရေးနှင့် ယဉ်ကျေးမှု စသည့် ကဏ္ဍများအထိ တဖြည်းဖြည်း ပိုမိုကျယ်ပြန့်လာလျက်ရှိကြောင်း၊ ထို့ကြောင့် အနာဂတ်တွင် မြန်မာ-မလေးရှား နှစ်နိုင်ငံ ဆက်ဆံရေး ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကိုအခြေခံပြီး ပိုမိုခိုင်မာအားကောင်းစေသည့် စီးပွားရေး မိတ်ဖက်ဆက်ဆံရေး တစ်ရပ်အဖြစ် တည်ဆောက်သွားရန် အချိန်အခါကောင်းကို ရောက်ရှိလာပြီဖြစ်ကြောင်း။

ယနေ့ကမ္ဘာကြီးသည် စီးပွားရေးနှင့် နည်းပညာတိုးတက်ပြောင်းလဲမှုများ အချိန်နှင့် တစ်ပြေးညီဖြစ်ပေါ်နေပြီး ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်နေရကြောင်း၊ ယခုကဲ့သို့စိန်ခေါ်မှုများနှင့်အတူ နိုင်ငံများ၏ စီးပွားရေးခံနိုင်ရည်စွမ်းအား (Economic Resilience) ရှိရေးသည်လည်း အရေးကြီးလာကြောင်း၊ ယခုအချက်များကြောင့် ဒေသတွင်း နိုင်ငံများအကြား အပြန်အလှန်ယုံကြည်မှု၊ လေးစားမှုနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများသည် ပိုပြီးအရေးပါလာကြောင်း၊ နှစ်နိုင်ငံအကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် လက်ရှိတွင် မလေးရှားသည် မြန်မာနိုင်ငံ၏ အရေးပါသည့် ကုန်သွယ်ဖက်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ပြီးခဲ့တဲ့နှစ်တွင် နှစ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၆၂ ဘီလီယံရှိပြီး ယခုနှစ် ဩဂုတ်လအထိ ၁ ဒသမ ၀၁ ဘီလီယံကျော်ရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံမှ လယ်ယာထွက်ကုန်များ၊ ရေထွက်ကုန်များ၊ ရော်ဘာနှင့် ကုန်ကြမ်းများ၊ ချုပ်ပြီးအထည်များ မလေးရှားနိုင်ငံကို တင်ပို့လျက်ရှိပြီး မလေးရှားနိုင်ငံမှ စက်ဆီ၊ ချောဆီနှင့် ရေနံထွက်ပစ္စည်းများ၊ စားအုန်းဆီ၊ စားသောက်ကုန်၊ စက်မှုကုန်ချောများ၊ အီလက်ထရောနစ်ပစ္စည်းနှင့် ပလတ်စတစ်ကုန်ကြမ်းပစ္စည်း၊ ဓာတုကုန်ကြမ်းနှင့် ဆေးဝါးပစ္စည်း စသည်တို့ကို တင်သွင်းလျက်ရှိကြောင်း။

နှစ်နိုင်ငံ ကုန်သွယ်မှုကိုကြည့်ခြင်းအားဖြင့် ထုတ်ကုန်များသည် အပြန်အလှန် ဖြည့်ဆည်းနိုင်သည့် သဘောသဘာဝရှိသည့် အတွက် နှစ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏကို မြှင့်တင်ရန်နှင့် တန်ဖိုးမြင့်ထုတ်ကုန်များ၏ အချိုးအစားကို တိုးမြှင့်နိုင်ရန်အတွက် နှစ်နိုင်ငံအစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့အတူ ပူးပေါင်း ဆောင်ရွက်သွားနိုင်မည်ဟုယုံကြည်ကြောင်း၊ အထူးသဖြင့် နှစ်နိုင်ငံကုန်သွယ်မှုကို တိုးမြှင့်ရာတွင် ကုန်သွယ်မှုပမာဏ တိုးမြှင့်ရုံသာမက မြန်မာနိုင်ငံမှထွက်ရှိသည့် ကုန်ကြမ်းနှင့် လယ်ယာ၊ မွေးမြူရေးနှင့် ရေထွက်ကုန်များကို အရည်အသွေး၊ ထုပ်ပိုးမှု၊ အစားအစာ ဘေးကင်းလုံခြုံမှုနှင့် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် ကိုက်ညီအောင် တန်ဖိုးမြင့်ထုတ်ကုန်များ အဖြစ် ပြောင်းလဲထုတ်လုပ်ပြီး နိုင်ငံတကာဈေးကွက်များကို ပိုမိုတင်ပို့နိုင်ရေးကို မလေးရှားနိုင်ငံ၏ နည်းပညာ၊ စီမံခန့်ခွဲမှု၊ အရည်အသွေးစံနှုန်း၊ ဈေးကွက်ချိတ်ဆက်မှုနှင့် ဖြန့်ဖြူးရေးကွန်ရက်တို့ကို ပေါင်းစပ်အသုံးချသည့် Joint Venture နှင့် Business-to-Business ပူးပေါင်းဆောင်ရွက်မှုပုံစံများကို ပိုမိုဖော်ဆောင်နိုင်မည်ဟု ယုံကြည်ကြောင်း။

ရင်းနှီးမြှုပ်နှံမှုသည် နှစ်နိုင်ငံဆက်ဆံရေးနှင့် နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာအားကောင်းရန်အတွက် အဓိကကျသည့် အခန်းကဏ္ဍက ပါဝင်နေကြောင်း၊ ရင်းနှီးမြှုပ်နှံမှုအတိုင်းအတာကို လေ့လာကြည့်ပါက လက်ရှိတွင် မလေးရှားနိုင်ငံသည် မြန်မာနိုင်ငံတွင် နဝမမြောက် ရင်းနှီးမြှုပ်နှံမှုအများဆုံး ပြုလုပ်ထားသည့် နိုင်ငံဖြစ်ပြီး အမေရိကန်ဒေါ်လာ ၁ ဘီလီယံကျော်တန်ဖိုးရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၃၂ ခုကို ဆောင်ရွက်လျက်ရှိကြောင်း၊ မလေးရှား ရင်းနှီးမြှုပ်နှံသူများ အတွက် မြန်မာနိုင်ငံ၏ အားသာချက်မှာ ကုန်ကြမ်း အရင်းအမြစ်နှင့် ထုတ်လုပ်မှုအခြေခံများ ရှိခြင်းသာမက တန်ဖိုးမြင့်ထုတ်လုပ်မှုလုပ်ငန်းများဖော်ဆောင်ရန်နေရာနှင့် ဈေးကွက်အလားအလာများ ရှိနေကြောင်း၊ နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ ကျွမ်းကျင်လုပ်သားဖွံ့ဖြိုးရေး၊ ဒေသတွင်း Supply Chain ချိတ်ဆက်မှုနှင့် Export Market Access တို့ ပါဝင်သည့် ရေရှည်မိတ်ဖက် ပူးပေါင်း ဆောင်ရွက်မှုအဖြစ် ဖော်ဆောင်သွားကြရမည် ဖြစ်ကြောင်း၊ အထူးသဖြင့် အစားအစာထုတ်လုပ်မှု၊ လယ်ယာထွက်ကုန် ပြုပြင်ထုတ်လုပ်မှု၊ Halal အစားအစာ၊ ရေထွက်ကုန်၊ ရော်ဘာနှင့် ရော်ဘာ အခြေခံထုတ်ကုန်၊ ထုပ်ပိုးမှု၊ အအေးခန်းနှင့် ထောက်ပံ့ပို့ဆောင်ရေး၊ စက်မှုထုတ်ကုန်နှင့် အခြားတန်ဖိုးမြင့်ထုတ်ကုန်များသည် နှစ်နိုင်ငံ၏ အားသာချက်များကို ပေါင်းစပ်အသုံးချသွားရမည်ဖြစ်ကြောင်း။

ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုအနေဖြင့် မြန်မာနှင့် မလေးရှားနိုင်ငံတို့သည် အာဆီယံမိသားစုဝင်နိုင်ငံများဖြစ်ကြပြီး ဒေသတွင်း စီးပွားရေး ပေါင်းစည်းမှုနှင့် တည်ငြိမ်အေးချမ်းရေး အတွက် အတူတကွ ပူးပေါင်းဆောင်ရွက်လျက်ရှိကြကြောင်း၊ ထို့ပြင် နှစ်နိုင်ငံစလုံးသည် အဖွဲ့ဝင်နိုင်ငံပေါင်း ၁၅ နိုင်ငံ ပါဝင်လက်မှတ်ရေးထိုးထားပြီး ကမ္ဘာ့လူဦးရေ၏ ၃၀ ရာခိုင်နှုန်း၊ ကမ္ဘာ့ထုတ်လုပ်မှုတန်ဖိုး၏ ၃၀ ရာခိုင်နှုန်းခန့်နှင့် ကမ္ဘာ့စုစုပေါင်း ကုန်သွယ်မှုပမာဏ၏ ၂၈ ရာခိုင်နှုန်းခန့်ကို ကိုယ်စားပြုနေသည့် ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (RCEP) သဘောတူစာချုပ်တွင်လည်း အတူပါဝင် လက်မှတ် ရေးထိုးထားကြကြောင်း၊ ယခုကဲ့သို့ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်နှင့် မူဘောင်များသည် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပေါင်းစည်းမှုကို ပိုမိုမြှင့်တင်နိုင်မည့် အခွင့်အလမ်းများ ဖြစ်သောကြောင့် ထိရောက်ပြီး အကျိုးရှိစွာ အသုံးပြုနိုင်ရန်လိုကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု မူဘောင်များမှတစ်ဆင့် နှစ်နိုင်ငံရေရှည်အကျိုးဖြစ်ထွန်းစေမည့် ကဏ္ဍများကို အတူဆွေးနွေး ဖော်ထုတ်ပြီး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်သွားရန် အလေးအနက်ထားကြောင်းကိုပြောကြားလိုကြောင်း။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံသည် တန်ဖိုးမြင့်ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဖိတ်ခေါ်နေကြောင်း၊ ထို့ကြောင့် မလေးရှားနိုင်ငံ၏ လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံ၏ မိတ်ဖက်စီးပွားရေးလုပ်ငန်းများနှင့် အကျိုးတူပူးပေါင်းပြီး စားသောက်ကုန်ပြုပြင် ထုတ်လုပ်ခြင်းလုပ်ငန်း၊ လယ်ယာအခြေခံ သွင်းအားစုထုတ်လုပ်ခြင်း၊ မွေးမြူရေးနှင့် အသားငါးပြုပြင်ထုတ်လုပ်ခြင်း၊ ရော်ဘာနှင့် ရေထွက်ကုန်ပြုပြင်ထုတ်လုပ်ခြင်း စသည့် တန်ဖိုးမြင့်ကုန်ထုတ်လုပ်မှု စက်ရုံများ တည်ထောင်ခြင်းဖြင့် ကမ္ဘာ့စားနပ်ရိက္ခာနှင့် ကမ္ဘာ့ကုန်ထုတ်လုပ်မှု တန်ဖိုးကွင်းဆက်များတွင် အတူပူးပေါင်း ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်လိုကြောင်း၊ ထို့အတူ စိုက်ပျိုးရေး ကဏ္ဍတွင်လည်း မလေးရှားနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာများကို အသုံးချပြီး မြန်မာနိုင်ငံ၌ ဆန်ကြိတ်ခွဲစက်ရုံများ၊ ပဲမျိုးစုံသန့်စင်ထုပ်ပိုးသည့် စက်ရုံများ၊ အစားအစာပြုပြင်ထုတ်လုပ်ရေးစက်ရုံများ၊ အအေးခန်းသိုလှောင်ရုံများနှင့် စားနပ်ရိက္ခာ ဖြန့်ဖြူးရေးလုပ်ငန်းများ တည်ထောင်နိုင်ရန် ပူးပေါင်းဆောင်ရွက်နိုင်ကြောင်း၊ ထို့ပြင် ထုတ်လုပ်မှုတိုးတက်ရေးသာမက Farm-to-Market Supply Chain တစ်ခုလုံးကို ခေတ်မီအောင် ဖော်ဆောင်ရန်လည်း အရေးကြီးကြောင်း၊ မျိုးစေ့နှင့်စိုက်ပျိုးရေးသွင်းအားစု၊ ခေတ်မီစက်ယန္တရား၊ ရိတ်သိမ်းပြီးနောက် ဆုံးရှုံးမှုလျှော့ချရေး၊ အခြောက်ခံခြင်း၊ သန့်စင်ခြင်း၊ အအေးခန်းသိုလှောင်ခြင်း၊ ထုပ်ပိုးခြင်းနှင့်

စာမျက်နှာ ၄ သို့ ☆




မြန်မာ-မလေးရှား နှစ်နိုင်ငံ စီးပွားရေးဆွေးနွေးပွဲတွင် မလေးရှားနိုင်ငံ ကုန်သည်စက်မှုအသင်းချုပ်(NCCIM) ဥက္ကဋ္ဌ Mr. Norsyahrin Hamidon က ကြိုဆိုဂုဏ်ပြုနှုတ်ခွန်းဆက်စကား ပြောကြားစဉ်။

**☆ နှစ်နိုင်ငံ ကုန်သွယ်မှုကိုကြည့်ခြင်းအားဖြင့် ထုတ်ကုန်များသည် အပြန်အလှန် ဖြည့်ဆည်းနိုင်သည့် သဘောသဘာဝရှိသည့်အတွက် နှစ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏကို မြှင့်တင်ရန်နှင့် တန်ဖိုးမြင့်ထုတ်ကုန်များ၏ အချိုးအစားကို တိုးမြှင့်နိုင်ရန်အတွက် နှစ်နိုင်ငံအစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့အတူ ပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်**

**☆ နှစ်နိုင်ငံကုန်သွယ်မှုကို တိုးမြှင့်ရာတွင် ကုန်သွယ်မှုပမာဏတိုးမြှင့်ရုံသာမက မြန်မာနိုင်ငံမှ ထွက်ရှိသည့် ကုန်ကြမ်းနှင့် လယ်ယာ၊ မွေးမြူရေးနှင့် ရေထွက်ကုန်များကို အရည်အသွေး၊ ထုပ်ပိုးမှု၊ အစားအစာ ဘေးကင်းလုံခြုံမှုနှင့် နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ကိုက်ညီအောင် တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် ပြောင်းလဲထုတ်လုပ်ပြီး နိုင်ငံတကာဈေးကွက်များကို ပိုမိုတင်ပို့နိုင်ရေးကို မလေးရှားနိုင်ငံ၏ နည်းပညာ၊ စီမံခန့်ခွဲမှု၊ အရည်အသွေးစံနှုန်း၊ ဈေးကွက်ချိတ်ဆက်မှုနှင့် ဖြန့်ဖြူးရေးကွန်ရက်တို့ကို ပေါင်းစပ်အသုံးချသည့် Joint Venture နှင့် Business-to-Business ပူးပေါင်းဆောင်ရွက်မှုပုံစံများကို ပိုမိုဖော်ဆောင်နိုင်မည်ဟု ယုံကြည်**

**❖ မြန်မာနိုင်ငံနှင့် မလေးရှားနိုင်ငံတို့အကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုတိုးတက်လာစေရန် နှစ်နိုင်ငံဘဏ်များအကြား ချိတ်ဆက်ဆောင်ရွက်မှုတိုးမြှင့်ခြင်း၊ နယ်စပ်ဖြတ်ကျော်ငွေပေးချေမှုနှင့် ငွေရှင်းစနစ်များ ဖွံ့ဖြိုးတိုးတက်စေခြင်း၊ ကုန်သွယ်မှုဆိုင်ရာ ငွေကြေးဝန်ဆောင်မှုများ တိုးချဲ့ခြင်းနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (MSMEs) အတွက် ငွေကြေးအထောက်အပံ့များ ပိုမိုရရှိစေရေးတို့ကို ပူးပေါင်းဆောင်ရွက်သွားကြရမည်**

☆ စာမျက်နှာ ၃ မှ

ဖြန့်ဖြူးခြင်းတို့ကို တစ်ဆက်တည်း ပူးပေါင်းဖော်ဆောင်နိုင်ပါက မြန်မာ့လယ်ယာထွက်ကုန်များ၏ အရည်အသွေးနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းကို ပိုမိုမြှင့်တင်နိုင်မည် ဖြစ်ကြောင်း၊ ထို့မှတစ်ဆင့် အအေးခန်းသိုလှောင်ရုံများနှင့်အတူ Digital Logistics၊ Warehouse Management၊ Cargo Tracking နှင့် အရည်အသွေး ထိန်းချုပ်မှုစနစ်များကိုပါ ပေါင်းစပ်ဖော်ဆောင်နိုင်ပါက လယ်ယာနှင့် ရေထွက်ကုန်များ၏ ရိတ်သိမ်းပြီးနောက် ဆုံးရှုံးမှုများကို လျှော့ချနိုင်ပြီး Export Supply Chain ကို ပိုမိုထိရောက်စွာ စီမံခန့်ခွဲနိုင်မည်ဖြစ်ကြောင်း၊ ယခုကဏ္ဍတွင် အတွေ့အကြုံများစွာရှိသည့် မလေးရှားနိုင်ငံအတွက် ကြီးမားသည့် အခွင့်အရေးဖြစ်ကြောင်း။

ဆက်လက်ပြီး မလေးရှားနိုင်ငံသည် ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှု၊ ဆီအုန်းသီးနှံကြိတ်ခွဲခြင်း၊ ဆီသန့်စင်ခြင်းနှင့် တန်ဖိုးမြင့်စားသုံးဆီထုတ်လုပ်ခြင်း လုပ်ငန်းများတွင် အတွေ့အကြုံနှင့် နည်းပညာများပိုင်ဆိုင်ထားသည့်အတွက် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးအရင်းအမြစ်များနှင့် ပေါင်းစပ်ပြီး စိုက်ပျိုးထုတ်လုပ်မှုမှသည် ဈေးကွက်ဖြန့်ဖြူးခြင်းအထိ ထုတ်လုပ်မှုကွင်းဆက်တစ်ခုလုံးတွင် ရင်းနှီးမြှုပ်နှံမှုများ ပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်လိုကြောင်း၊ ယခုကဲ့သို့ ဆီအုန်းစိုက်ပျိုးမှုနှင့် စားအုန်းဆီထုတ်လုပ်မှု လုပ်ငန်းများကို ပထဝီဝင် ရာသီဥတုအရ သင့်တော် ကောင်းမွန်သည့် တနင်္သာရီတိုင်းဒေသကြီးအတွင်းတွင် ဆောင်ရွက်နိုင်ပြီး ဟင်းသီးဟင်းရွက်ဆီ ထုတ်လုပ်မှုလုပ်ငန်းများကို မြန်မာနိုင်ငံတစ်ဝန်းတွင် ဆောင်ရွက်နိုင်ရန် မလေးရှားနိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ်လိုကြောင်း။

မြန်မာနိုင်ငံတွင် မြေဧရိယာ ကျယ်ပြန့်စွာ ပိုင်ဆိုင်ပြီး စားကျက်မြေ များစွာရှိသောကြောင့် မွေးမြူရေးနှင့် အသားငါး ထုတ်လုပ်သည့် လုပ်ငန်းများကိုလည်း ကောင်းစွာဆောင်ရွက်နိုင်ပါကြောင်း၊ မလေးရှားနိုင်ငံ၏ Halal အစားအစာဈေးကွက်ကို ဝင်ရောက်နိုင်ရေးအတွက် သတ်မှတ် စံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် ထုတ်လုပ်မှုစနစ်များ ဖော်ဆောင်ရန်နှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိကြောင်း၊ ထို့မှတစ်ဆင့် မွေးမြူရေးခြံများ ဖွံ့ဖြိုးတိုးတက်ရေး၊ တိရစ္ဆာန်အစာ ထုတ်လုပ်ရေး၊ တိရစ္ဆာန် ကျန်းမာရေးစောင့်ရှောက်မှုနှင့် အသားထုတ်လုပ်မှု လုပ်ငန်းများတွင် မလေးရှား ရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာပူးပေါင်း ဆောင်ရွက်မှုများ လုပ်ဆောင်ရန် ဖိတ်ခေါ်လိုကြောင်း၊ ယခုကဏ္ဍတွင် Halal Certification နှင့် Food Traceability စနစ်များ၊ တိရစ္ဆာန်အစာနှင့် တိရစ္ဆာန်ကျန်းမာရေး စောင့်ရှောက်မှု၊ အအေးခန်းနှင့် အသားထုတ်လုပ်မှု နည်းပညာများကို ပူးပေါင်းဖော်ဆောင်နိုင်ပါက မြန်မာနိုင်ငံ၏ မွေးမြူရေးထုတ်ကုန်များကို မလေးရှားဈေးကွက်နှင့် ဒေသတွင်း Halal ဈေးကွက်များကို ပိုမိုထိရောက်စွာ ချိတ်ဆက်နိုင်မည့် အခြေခံကောင်းတစ်ရပ် ဖြစ်လာနိုင်ကြောင်း၊ အလားတူ မိမိတို့အနေဖြင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဦးစားပေး အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း၊ ထို့ကြောင့် သံ၊ သံမဏိနှင့် ဘိလပ်မြေထုတ်လုပ်သည့် လုပ်ငန်းများတွင်လည်း မလေးရှားလုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံနိုင်သည့် အခွင့်အလမ်းများရှိကြောင်း။

အဆွေတော်တို့ သိပြီးဖြစ်သည့်အတိုင်း မြန်မာနိုင်ငံတွင် အထူးစီးပွားရေးဇုန်အနေဖြင့် သီလဝါ၊ ထားဝယ်နှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန်များ ရှိကြောင်း၊ သီလဝါ အထူးစီးပွားရေးဇုန်သည် လက်ရှိတွင် အအောင်မြင်ဆုံး ဖြစ်သကဲ့သို့ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ကျောက်ဖြူအထူးစီးပွားရေး ဇုန်တို့သည်လည်း အနာဂတ်တွင် မဟာဗျူဟာမြောက် အရေးပါလာမည့် စီမံကိန်းများ ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုဇုန်များတွင်လည်း လာရောက် ရင်းနှီးမြှုပ်နှံကြရန် ဖိတ်ခေါ်လိုကြောင်း၊ စက်ရုံတည်ဆောက်ခြင်း အဆင့်မှာသာမက Industrial Cluster ဖော်ဆောင်ခြင်း၊ Supplier Network တည်ဆောက်ခြင်း၊ Logistics Hub နှင့် Export Processing Facilities များတည်ဆောက်ခြင်းတို့အထိ တိုးချဲ့ဖော်ဆောင်နိုင်ကြောင်း၊ ယခုကဲ့သို့ Clusterbased Development ပုံစံနှင့် ဆောင်ရွက်နိုင်ပါက မလေးရှားကုမ္ပဏီများနှင့် မြန်မာကုမ္ပဏီများအကြား ရေရှည် Supply Chain ချိတ်ဆက်မှုများကို ပိုမို ဖန်တီးနိုင်မည်ဖြစ်ကြောင်း၊ အဆွေတော်တို့အနေဖြင့် မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရာတွင် တည်ဆောက်ပြီး စက်မှုဇုန်များ၊ အထူးစီးပွားရေးဇုန်များတွင်သာမက လုပ်ငန်းလိုအပ်ချက်နှင့် တည်နေရာအားသာချက်ကို မူတည်ပြီး စွမ်းအင်စီမံကိန်းများ၊ စက်မှုစီမံကိန်းများကို ရင်းနှီးမြှုပ်နှံသူများကိုယ်တိုင် အဆိုပြုတည်ထောင် ဆောင်ရွက်နိုင်ကြောင်း၊ ယခုကဲ့သို့ အကျိုးတူ ပူးပေါင်း ဆောင်ရွက်ရာတွင် MSME လုပ်ငန်းများသည်လည်း နှစ်နိုင်ငံ၏ ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် အခန်းကဏ္ဍတွင် ပါဝင်နေကြောင်း၊ ထို့ကြောင့် MSME လုပ်ငန်းများ၏ E-commerce စနစ်အကောင်အထည်ဖော်ခြင်း၊ ကျွမ်းကျင်မှု လုပ်ငန်းခွင်သင်တန်းကျောင်းများ ပူးပေါင်းဖွင့်လှစ်ခြင်း၊ MSME စက်မှုထုတ်ကုန်များ ချိတ်ဆက်ပူးပေါင်းထုတ်လုပ်ခြင်းတို့ဖြင့် နှစ်နိုင်ငံအကျိုးရှိမည့် Value Chain တစ်ခုကို ဖန်တီးနိုင်ကြောင်း၊ MSME ပူးပေါင်းဆောင်ရွက်မှုသည်လည်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုကို တိုးမြှင့်ရန်အတွက် နှစ်နိုင်ငံ MSME များအကြား Business Matching၊ Supplier Matching နှင့် Technology Matching အစီအစဉ်များကို ပုံမှန်ကျင်းပပေးနိုင်ပါက အကျိုးရှိမည်ဟု ယုံကြည်ကြောင်း၊ ထို့အပြင် မလေးရှားနိုင်ငံ၏ E-commerce နှင့် Digital Business အတွေ့အကြုံများကို မြန်မာ MSME ထုတ်ကုန်များနှင့် ချိတ်ဆက်ပေးခြင်းအားဖြင့် အာဆီယံဈေးကွက်ကို အွန်လိုင်းမှတစ်ဆင့် ဝင်ရောက်နိုင်မည့် အခွင့်အလမ်းများကိုလည်း ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရန် အတွက် နောက်ထပ်အရေးပါသည့် ကဏ္ဍတစ်ခုသည် ဘဏ္ဍာရေးဝန်ဆောင်မှုကဏ္ဍဖြစ်ကြောင်း၊ လက်ရှိမလေးရှားနိုင်ငံတွင် မြန်မာရွှေ့ပြောင်းလုပ်သားများ များစွာရှိနေသည့်အတွက် Remittance channel က အရေးကြီးကြောင်း၊ တရားဝင် channel ကို အသုံးပြုရသည်မှာ ပိုမိုလွယ်ကူပြီး ကုန်ကျစရိတ် သက်သာအောင် ဆောင်ရွက်ပေးနိုင်မည် ဆိုပါက Financial flow ပိုမိုကောင်းမွန်လာပြီး ရွှေ့ပြောင်းလုပ်သားများအတွက်လည်း လုံခြုံစိတ်ချရသည့် ငွေလွှဲလမ်းကြောင်း ဖြစ်လာမည်ဟု ယုံကြည်ကြောင်း၊ ထို့ကြောင့် ဘဏ်များ၊ ငွေလွှဲဝန်ဆောင်မှုလုပ်ငန်းများနှင့် FinTech ကုမ္ပဏီများအကြား ပူးပေါင်းပြီး ငွေပေးချေမှုနှင့် ငွေလွှဲဝန်ဆောင်မှုများကို လုံခြုံ၊ မြန်ဆန်၊ ပွင့်လင်းပြီး သက်ဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများနှင့် ကိုက်ညီသည့် Digital Payment နှင့် တရားဝင်ငွေကြေးလွှဲပြောင်းမှု (Remittance)များ ဖော်ဆောင်နိုင်မည် ဆိုပါက နှစ်ဖက်အကျိုးရှိနိုင်မည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများဖြစ်ကြောင်းကို ပြောကြားလိုကြောင်း၊ ထို့အတွက် မြန်မာနိုင်ငံနှင့် မလေးရှားနိုင်ငံ တို့အကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ပိုမိုတိုးတက်လာစေရန် နှစ်နိုင်ငံဘဏ်များအကြား ချိတ်ဆက်ဆောင်ရွက်မှု တိုးမြှင့်ခြင်း၊ နယ်စပ်ဖြတ်ကျော် ငွေပေးချေမှုနှင့် ငွေရှင်းစနစ်များ ဖွံ့ဖြိုးတိုးတက်စေခြင်း၊ ကုန်သွယ်မှုဆိုင်ရာ ငွေကြေးဝန်ဆောင်မှုများ တိုးချဲ့ခြင်းနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs) အတွက် ငွေကြေးအထောက်အပံ့များ ပိုမိုရရှိစေရေးတို့ကို ပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ ထို့အပြင် မလေးရှားနိုင်ငံ၏ ဒစ်ဂျစ်တယ် ဘဏ်လုပ်ငန်း၊ ငွေပေးချေမှု နည်းပညာနှင့် ဘဏ်လုပ်ငန်းဆိုင်ရာ အန္တရာယ်စီမံခန့်ခွဲမှု အတွေ့အကြုံကောင်းများကို မြန်မာနိုင်ငံနှင့် မျှဝေခြင်း၊ နှစ်နိုင်ငံ ဘဏ်များအကြား နည်းပညာနှင့် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးရေးအစီအစဉ်များ ဆောင်ရွက်ခြင်းနှင့် နှစ်ဖက်အကျိုး ဖြစ်ထွန်းစေမည်ဟု ယုံကြည်မိကြောင်း။

အလားတူမြန်မာနိုင်ငံအနေဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် ကျန်းမာရေး၊ ပညာရေးနှင့် ခရီးသွားဝန်ဆောင်မှုကဏ္ဍများကိုလည်း အားပေးဖော်ဆောင်လျက်ရှိရာ ယခုကဏ္ဍများသည် သိသိသာသာ တိုးတက် ထွန်းကားလာနေသည့် မလေးရှားနိုင်ငံမှ လုပ်ငန်းရှင်များ အနေဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းများ ရှိနေကြောင်း ပြောကြားလိုကြောင်း၊ မလေးရှားနိုင်ငံသည် ပညာရေးနှင့် ပတ်သက်ပြီး ပညာရေးကုန်ကျစရိတ်သင့်တင့်မှု၊ နိုင်ငံခြားကျောင်းသားများကို ဆွဲဆောင်နိုင်မှုများကြောင့် ဒေသတွင်း ပညာရေးဗဟိုချက်တစ်ခုဖြစ်လာနေသည်ကို တွေ့မြင်ရကြောင်း၊ ထို့ကြောင့် မလေးရှားနိုင်ငံ၏ နိုင်ငံတကာပညာရေးလုပ်ငန်းအတွေ့အကြုံကို အသုံးချပြီး မြန်မာနိုင်ငံတွင် ပညာရေးလုပ်ငန်းများ တည်ထောင်ခြင်း၊ ပူးတွဲသင်တန်းများ ဖွင့်လှစ်ခြင်းနှင့် ပညာရေးဝန်ဆောင်မှုများ တိုးချဲ့ခြင်းတို့ကို စီးပွားရေးအခွင့်အလမ်းအဖြစ် ပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

ကျန်းမာရေးကဏ္ဍသည်လည်း မြန်မာ – မလေးရှားနှစ်နိုင်ငံ အနေဖြင့် ဆေးရုံနှင့် ဆေးခန်းလုပ်ငန်း၊ ဆေးဝါးထုတ်လုပ်ရေး၊ ဆေးဘက်ဆိုင်ရာ ပစ္စည်းများ၊ ဆေးဘက်ဆိုင်ရာ ခရီးသွားလုပ်ငန်း (Medical Tourism)၊ Telemadicine/ Telecounsulta-tion၊ ကျန်းမာရေးနည်းပညာနှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးရေး စသည့် အပိုင်းများတွင် စီးပွားရေးအရ ပူးပေါင်း ဆောင်ရွက်နိုင်သည်ကို တွေ့ရကြောင်း။

မလေးရှားနိုင်ငံ အနေဖြင့် သဘာဝထွက်ကုန် စီးပွားရေးစနစ်မှ ခေတ်မီနည်းပညာ၊ ဆီမီးကွန်ဒတ်တာ (Semiconductor)၊ ဉာဏ်ရည်တု (AI)၊ ဒေတာစင်တာ တည်ဆောက်ခြင်းစသည့် ခေတ်မီစက်မှုစီးပွားရေးစနစ်ကို အောင်မြင်စွာ ကူးပြောင်းနေသည်ကို လေ့လာသိရှိရကြောင်း၊ ယခုကဲ့သို့ နည်းပညာဆိုင်ရာ ရင်းနှီးမြှုပ်နှံရန်အတွက်လည်း မြန်မာနိုင်ငံသည် အကြီးမားဆုံး အိုင်စီတီ နည်းပညာဆိုင်ရာ အချက်အချာဒေသတစ်ခုဖြစ်သည့် ရတနာပုံဆိုက်ဘာစီးတီး စီမံကိန်းကို ပြင်ဦးလွင်မြို့ အနီးတစ်ဝိုက်တွင် ဖွင့်လှစ်ထားကြောင်း၊ စီမံကိန်းဧရိယာ ၂၈၀၀ ဟက်တာကျော် (၇၀၀၀ ဧက)ခန့် ကျယ်ဝန်းသည့်အတွက် အိုင်တီလုပ်ငန်းသစ်များနှင့် ဆော့ဖ်ဝဲရေးသားသည့် ကုမ္ပဏီများအတွက် ရုံးခန်းများအပြင် High-Tech Zone သဘာဝ ပတ်ဝန်းကျင်ထိခိုက်မှု မရှိစေမည့် နည်းပညာနှင့် ဝန်ဆောင်မှုအခြေပြု ထုတ်လုပ်မှုဇုန်များ ပါဝင်ကြောင်း၊ မြန်မာနိုင်ငံအတွက် အစိုးရ ဝန်ဆောင်မှုများကို ဒီဂျစ်တယ် အသွင်ကူးပြောင်းရေး၊ ဆက်သွယ်ရေး နည်းပညာ၊ ဉာဏ်ရည်တု(AI) အသုံးချမှုများ၊ ဒီဂျစ်တယ် ငွေပေးချေမှုစနစ်များနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ စီးပွားရေး ဝန်းကျင်ဖော်ဆောင်ရေးများတွင် စိတ်ပါဝင်စားသည့် မလေးရှားနိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် လာရောက်ရင်းနှီးမြှုပ်နှံနိုင်ကြောင်း၊ အထူးသဖြင့် မလေးရှားနိုင်ငံ၏ Electrical and Electronics၊ Semiconductor၊ Machinery and Equipment နှင့် Digital Technology ကဏ္ဍများသည် ရှိပြီးသား အတွေ့အကြုံနှင့် မြန်မာနိုင်ငံ၏ ထုတ်လုပ်မှု၊ လုပ်သားအင်အားနှင့် ဈေးကွက်အခြေခံတို့ကို ပေါင်းစပ်ပြီး Assembly၊ Component Manufacturing၊ Technical Training နှင့် Technology Transfer လုပ်ငန်းများကို ပူးပေါင်း ဖော်ဆောင်နိုင်မည့် အလားအလာများ ရှိကြောင်း၊ ထိုသို့ နည်းပညာပူးပေါင်းဆောင်ရွက်ရာတွင် ရင်းနှီးမြှုပ်နှံမှုတစ်ခုတည်းထက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးကိုပါ တစ်ပြိုင်နက်တည်း ဆောင်ရွက်နိုင်ရန် အရေးကြီးကြောင်း၊ ထို့ကြောင့် Malaysian technology companies များနှင့် မြန်မာနိုင်ငံရှိ တက္ကသိုလ်များ၊ နည်းပညာသင်တန်း ကျောင်းများနှင့် ပုဂ္ဂလိက လုပ်ငန်းများအကြား Internship၊ Vocational Training၊ Technical Certification နှင့် Skills Development Program များကို ပူးပေါင်းဖော်ဆောင်နိုင်ကြောင်း။

နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို ပိုမိုလက်တွေ့ကျစေရန် အတွက် နှစ်နိုင်ငံအစိုးရဌာနများ၊ စီးပွားရေးအသင်းအဖွဲ့များ၊ Chamber of Commerce များနှင့် ပုဂ္ဂလိကကဏ္ဍတို့ပါဝင်သည့် ပုံမှန် Business Dialogue နှင့် Business Matching Mechanism တစ်ရပ်ကို ပိုမိုအားကောင်းအောင် ဖော်ဆောင်နိုင်ပါက ကောင်းမွန်မည်ဟု ယုံကြည်ကြောင်း၊ အဆိုပါမူဘောင်မှတစ်ဆင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ၊ ကုန်သွယ်နိုင်သည့် ထုတ်ကုန်များ၊ လိုအပ်သည့် နည်းပညာနှင့် အရည်အသွေးစံနှုန်းများ၊ မိတ်ဖက်လုပ်ငန်းများနှင့် ဈေးကွက်လိုအပ်ချက်များကို တစ်နေရာတည်းတွင် ချိတ်ဆက်ပေးနိုင်မည့် Business Information and Investment Facilitation Platform တစ်ရပ်ကိုလည်း ဖော်ဆောင်နိုင်ကြောင်း၊ ယခု လုပ်ငန်းစဉ်များမှတစ်ဆင့် ယနေ့ဆွေးနွေးပွဲတွင် တွေ့ဆုံဆွေးနွေးခြင်းကို သာမက လက်တွေ့ကျသည့် Investment Project၊ Joint Venture၊ Export Contract နှင့် Technology Partnership များအဖြစ် ဆက်လက် အကောင်အထည်ဖော်နိုင်မည်ဟု မျှော်လင့်ကြောင်း။

မြန်မာနိုင်ငံတွင် ပြည်တွင်းထုတ်ကုန်များနှင့် ရင်းနှီးမြှုပ်နှံမှုများကို မူပိုင်ခွင့် ဥပဒေ(၄)ရပ်နှင့် အညီ အကာအကွယ်ပေးထားပြီးဖြစ်သဖြင့် မြန်မာနိုင်ငံအနေဖြင့် ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ရာတွင် နည်းပညာပူးပေါင်းဆောင်ရွက်ခြင်း၊ အရည်အသွေးမြင့် အလုပ်အကိုင်များဖန်တီးခြင်း၊ ပြည်တွင်း ကုန်ထုတ်လုပ်မှုနှင့် အခြေခံ အဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေရေး တို့ကိုလည်း အလေးထားကြောင်း၊ အခြားတစ်ဖက်တွင် ရင်းနှီးမြှုပ်နှံသူများ၏ အကျိုးစီးပွားဖြစ်ထွန်းရေးကိုလည်း မူဝါဒနှင့်အညီ

စာမျက်နှာ ၅ သို့ ☆

# နိုင်ငံတော်သမ္မတဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတို ဆရီ အန်နဝါ ဘင် အီဘရာဟင်၏ ဖိတ်ကြားချက်အရ မလေးရှားနိုင်ငံသို့ တရားဝင်ခရီးစဉ်(Official Visit)ရောက်ရှိ




နိုင်ငံတော် သမ္မတ ဦးမင်းအောင်လှိုင်အား ကွာလာလမ်ပူ အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ မလေးရှားနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့က ကော်ဇောနီ၏ တစ်ဖက်တစ်ချက်စီတွင် နေရာယူ အလေးပြု၍ ခရီးဦးဂုဏ်ပြု ကြိုဆိုနှုတ်ဆက်စဉ်။



နိုင်ငံတော် သမ္မတ ဦးမင်းအောင်လှိုင်အား မလေးရှားနိုင်ငံ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး မစ္စတာ ဒါတွတ်ဆရီ ဂျိုဟာရီ အဗ္ဗဒူလ်ဂါနီနှင့်တာဝန်ရှိသူများက ကွာလာလမ်ပူ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။

နေပြည်တော် အောက်တိုဘာ ၇

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတို ဆရီ အန်နဝါ ဘင် အီဘရာဟင်၏ ဖိတ်ကြားချက်အရ မလေးရှားနိုင်ငံသို့ တရားဝင်ခရီးစဉ် (Official Visit) သွားရောက်ရန်အတွက် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာသည်။

နိုင်ငံတော် သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့အား ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစော၊ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံသံရုံးတို့မှ တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတနှင့် အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ ဦးမင်းနောင်၊ ဦးမြင့်ကြိုင်၊ ဦးမောင်မြင့်၊ ဦးထွန်းအုံ၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးနိုင်ဦး၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ ခရီးစဉ်တွင် လိုက်ပါသွားကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဆောင်သော မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ လိုက်ပါလာသည့် အထူးလေယာဉ်သည် ဒေသစံတော်ချိန် ၁၂ နာရီ ၃၀ မိနစ်ခန့်တွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ မလေးရှားနိုင်ငံ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး မစ္စတာ ဒါတွတ်ဆရီ ဂျိုဟာရီ အဗ္ဗဒူလ် ဂါနီ ဦးဆောင်သည့် မလေးရှားနိုင်ငံအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ မလေးရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးအောင်ကျော်မိုးနှင့် ဇနီး၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ညီညီဦးနှင့် တာဝန်ရှိသူများက လေဆိပ်၌ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထိုသို့ ကြိုဆိုနှုတ်ဆက်စဉ် မလေးရှားနိုင်ငံဂုဏ်ပြုတပ်ဖွဲ့ကလည်း ကော်ဇောနီ၏ တစ်ဖက်တစ်ချက်စီတွင် နေရာယူအလေးပြု၍ ခရီးဦးဂုဏ်ပြုကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

---

☆ စာမျက်နှာ ၄ မှ

ကာကွယ်စောင့်ရှောက် ပေးလျက်ရှိကြောင်း၊ တစ်နည်းအားဖြင့် ရေရှည်တည်တံ့သော စီးပွားရေးဖွံ့ဖြိုးမှုကို နီးကပ်၍ ဆက်ဆံရေးရှိသည့် ဒေသတွင်းနိုင်ငံများ၊ မိတ်ဖက်နိုင်ငံများနှင့် အတူလက်တွဲဖော်ဆောင်ခြင်း ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံတွင် မလေးရှားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးကိုလည်း ပံ့ပိုးကူညီပေးသွားမည်ဖြစ်သကဲ့သို့ နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးကိုလည်း အလေးထားဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

ယနေ့အခမ်းအနားကို အခွင့်အလမ်းများကို ဖလှယ်ဆွေးနွေးသည့် နေရာတစ်ခုအဖြစ် သာမကနှစ်နိုင်ငံအကြား လက်တွေ့ကျသည့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများကို စတင်အကောင်အထည်ဖော်နိုင်မည့် Platform တစ်ခုအဖြစ် ရှုမြင်စေလိုကြောင်း၊ မြန်မာနိုင်ငံ၏ သဘာဝနှင့် လူ့စွမ်းအားအရင်းအမြစ်များ၊ မလေးရှားနိုင်ငံ၏ နည်းပညာ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဈေးကွက်ချိတ်ဆက်မှုများကို ပေါင်းစပ်အသုံးချပြီး **"ကုန်သွယ်မှုမှ ရင်းနှီးမြှုပ်နှံမှု၊ ရင်းနှီးမြှုပ်နှံမှုမှ တန်ဖိုးမြှင့်ထုတ်လုပ်မှု၊ တန်ဖိုးမြှင့်ထုတ်လုပ်မှုမှ ဒေသတွင်းဈေးကွက်ချိတ်ဆက်မှု"** ဟူသည့် ရေရှည် ပူးပေါင်းဆောင်ရွက်မှု ကွင်းဆက်တစ်ရပ်ကို အတူတကွတည်ဆောက်သွားနိုင်မည်ဟု ယုံကြည်ကြောင်း၊ အထူးသဖြင့် မလေးရှားစီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့် မြန်မာနိုင်ငံကို ဈေးကွက်တစ်ခုအဖြစ်သာမက ထုတ်လုပ်မှု၊ တန်ဖိုးမြှင့် ကုန်ထုတ်လုပ်မှုနှင့် ဒေသတွင်း Supply Chain ချိတ်ဆက်မှုအတွက် မိတ်ဖက်နိုင်ငံတစ်နိုင်ငံအဖြစ် ရှုမြင်ပြီး ရေရှည်အကျိုးတူ ပူးပေါင်းဆောင်ရွက်ကြရန် ဖိတ်ခေါ်ပါကြောင်း အကျယ်တဝင့် ဆွေးနွေးပြောကြားသည်။

### မလေးရှားနိုင်ငံမှ လုပ်ငန်းရှင်များက အသီးသီးဆွေးနွေးတင်ပြ

ဆက်လက်၍ တက်ရောက်လာကြသည့် မလေးရှားနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များက မလေးရှားနိုင်ငံအနေဖြင့် နိုင်ငံတကာဆိပ်ကမ်းလုပ်ငန်းများအပါအဝင် ကုန်စည်စီးဆင်းမှုနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ ဆီအုန်းနှင့် အုန်းစိုက်ပျိုးရေးအပါအဝင် ဘက်စုံစိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍ၊ စွမ်းအင်နှင့် နည်းပညာကဏ္ဍ၊ သံမဏိ (Steel) နှင့် သတ္တုရိုင်းထုတ်လုပ်မှုနှင့် ထုတ်ကုန်ပစ္စည်းများအပါအဝင် ဆောက်လုပ်ရေးကဏ္ဍတို့၌ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့မှုနှင့် ဆက်လက်ဖွံ့ဖြိုးတိုးတက်နေမှု၊ မိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းမှုများဆောင်ရွက်၍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတကာ၊ ဒေသတွင်းနိုင်ငံများနှင့် ပတ်သက်၍ မဟာဗျူဟာမြောက် စီးပွားရေးအမြင် သုံးသပ်တွေ့ရှိမှုများ၊ မြန်မာနိုင်ငံနှင့် ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ လက်တွေ့ကျကျ ဆောင်ရွက်နိုင်ရေး အစိုးရနှင့် စီးပွားရေးလုပ်ငန်းရှင်များအကြား မူဝါဒများ၊ အကောင်အထည်ဖော်ဆောင်ရွက်မှု စံသတ်မှတ်ချက်များအနေဖြင့် လိုက်လျောညီထွေဖြစ်ရန် လိုအပ်မှုအခြေအနေများ၊ မလေးရှားနိုင်ငံ နှင့် မြန်မာနိုင်ငံတို့အကြား ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင် ရွက်သွားနိုင်မည့် လက်တွေ့ကျသည့် အကြံပြုချက်များ၊ အလားအလာများ၊ အခွင့်အလမ်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများ အလိုက် အကျယ်တဝင့် ဆွေးနွေးတင်ပြကြသည်။

### တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက ပြန်လည်သုံးသပ်ဆွေးနွေး

ဆွေးနွေးတင်ပြမှုများ အပေါ် နိုင်ငံတော်သမ္မတက မိမိအနေဖြင့် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်လုပ်ဆောင်နိုင်မည့် အခွင့်အလမ်းများနှင့်အလားအလာများ၊ အခြေအနေများကို အဖွင့်၌ ထည့်သွင်း ပြောကြားခဲ့ကြောင်း၊ မလေးရှားနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်နိုင်မည့်အလားအလာများ၊ အခွင့်အလမ်းများနှင့် အကြံပြုချက်များ၊ သုံးသပ်ချက်များကို ကျယ်ကျယ်ပြန့်ပြန့် တင်ပြ ဆွေးနွေးသွားကြသည်ကို အားရဖွယ်တွေ့မြင်ရပါကြောင်း၊ စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံရေးအရ၊ လုံခြုံရေးအရ တည်ငြိမ်အေးချမ်းမှုရှိရန် လိုအပ်သည်ကို မိမိအနေဖြင့် ကောင်းစွာသိရှိ လက်ခံထားပါကြောင်း၊ လက်ရှိအချိန်တွင် မြန်မာနိုင်ငံအနေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာလျှောက်လှမ်းလျက်ရှိပြီး နိုင်ငံရေးအရ တည်ငြိမ်မှုရှိစေရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများနှင့် ပတ်သက်၍လည်း ဥပဒေပြဋ္ဌာန်းချက်များဖြင့် အာမခံချက်ပေးထားပါကြောင်းနှင့် ယုံကြည်စိတ်ချစွာဖြင့် လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေး ဖိတ်ခေါ်လိုပါကြောင်း။

မလေးရှားနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ လာရောက် ဆောင်ရွက်နိုင်ရေးအတွက် ပွင့်ပွင့်လင်းလင်း တင်ပြဆွေးနွေးမှုများ အားလုံးသည် မြန်မာနိုင်ငံ၌ အမှန်တကယ် လိုအပ်ချက်များရှိနေသည့် လက်တွေ့ကျသည့် ကိစ္စရပ်များပင်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် စီးပွားရေးအရ အားကောင်းလာစေရေး ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများနှင့် ပတ်သက်၍ လိုအပ်သည်များကို ကူညီဖြည့်ဆည်းအားပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံသို့ လာရောက်၍ လက်ရှိဖြစ်ပေါ်နေသည့် ဈေးကွက်အခြေအနေများကို ကိုယ်တိုင်လေ့လာ၍ ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်နိုင်မည့် အလားအလာနှင့် အခွင့်အလမ်းများကို ဆုပ်ကိုင်အကောင်အထည် ဖော်ဆောင်ကြစေလိုကြောင်း၊ ယခုကဲ့သို့ နှစ်နိုင်ငံ ထိပ်သီးလုပ်ငန်းရှင်များ အချင်းချင်း ရင်းရင်းနှီးနှီး၊ ပွင့်ပွင့်လင်းလင်း တွေ့ဆုံဆွေးနွေးရသည့်အချိန်တွင် စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးဆောင်ရွက်သွားကြစေလိုကြောင်း၊ ယခု ကနဦးတွေ့ဆုံမှုသည် အောင်မြင်ပြီး အပြုသဘောဆောင်သည့်ဆွေးနွေးမှုပင်ဖြစ်ကာ ယခုထက်ပိုမိုကျယ်ပြန့်၍ လက်တွေ့အကျိုးရှိမည့် စီးပွားရေးမျက်နှာစာသစ်တစ်ခုကို အတူတကွ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လည်း တိုက်တွန်းပြောကြားလိုကြောင်း ပြန်လည်သုံးသပ်ဆွေးနွေးသည်။

ဆွေးနွေးပွဲအပြီးတွင် နိုင်ငံတော်သမ္မတသည် တက်ရောက်လာကြသည့် နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြား

နေပြည်တော် အောက်တိုဘာ ၇

မလေးရှားနိုင်ငံ၌ ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ကွာလာလမ်ပူမြို့ရှိ မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များအား ယနေ့ညနေပိုင်းတွင် ကွာလာလမ်ပူမြို့ရှိ မြန်မာသံရုံး၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

ဦးစွာ နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ် အဖွဲ့ဝင်များသည် မြန်မာသံရုံးသို့ ရောက်ရှိလာရာ မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

ထို့နောက် သံအမတ်ကြီးနှင့် စစ်သံမှူးတို့က မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုများနှင့် မိတ်ဆက်ပေးပြီး တာဝန်ထမ်းဆောင်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များအား အမှာစကား ပြောကြားရာတွင် မိမိတို့နိုင်ငံနှင့် မလေးရှားနိုင်ငံတို့သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများ ဖြစ်ကြပြီး အာဆီယံအဖွဲ့ကြီးသည် လူမှုအသိုက်အဝန်း တစ်ခုအဖြစ် တည်ဆောက်ထားသည့်အဖွဲ့ကြီး ဖြစ်ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းကြောင်းများကို ပြန်ကြည့်မည်ဆိုပါကလည်း နှစ်နိုင်ငံအကြား ကောင်းမွန်သည့်ဆက်ဆံမှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် ကူးသန်းရောင်းဝယ်မှုများ ရှိခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကိုမြင့်တင်နိုင်ရေး သံရုံး၊ စစ်သံရုံး ဝန်ထမ်းများအနေဖြင့် ဆက်လက်ကြိုးပမ်း ထိန်းသိမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများအတွက် လက်ဆောင်ပစ္စည်းများနှင့် ချီးမြှင့်ငွေများပေးအပ်စဉ်။

မလေးရှားနိုင်ငံအတွင်း၌ မြန်မာနိုင်ငံမှ အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိ အလုပ်လုပ်ကိုင်နေကြသည့် မြန်မာနိုင်ငံသားများရှိကြပြီး မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများအနေဖြင့် ၎င်းတို့နှင့် ပတ်သက်၍ တတ်နိုင်သမျှ ထိန်းသိမ်းစောင့်ရှောက် ပေးသွားရန်လိုကြောင်း၊ ၎င်းတို့သည် မြန်မာနိုင်ငံသားများပင် ဖြစ်သည့်အတွက် ၎င်းတို့၏ ဘေးကင်းလုံခြုံရေးနှင့် အလုပ်သမား အခွင့်အရေးများ အပြည့်အဝရရှိစေရေး၊ နှစ်နိုင်ငံ ဥပဒေများနှင့်အညီ အကာအကွယ်ပေးနိုင်ရေး ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း။

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်ပနိုင်ငံများနှင့် ကူးသန်းရောင်းဝယ်မှုနှင့် ကူးလူးဆက်ဆံမှုများ ရှိရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် သံတမန်ရေးရာဝန်ထမ်းများအနေဖြင့် တစ်ဖက်တစ်လမ်းမှ အားဖြည့်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မြန်မာနိုင်ငံသို့ မလေးရှားနိုင်ငံမှ တင်ပို့နေသည့် သွင်းကုန်များရှိသကဲ့သို့ မလေးရှားနိုင်ငံမှ လိုအပ်နေသည့်ပို့ကုန်များကိုလည်း မြန်မာနိုင်ငံမှတင်ပို့နေရသည်များလည်းရှိသည်ဖြစ်သဖြင့် စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ လူမှုရေးပိုင်းဆိုင်ရာ အဖွဲ့အစည်းများ အချင်းချင်း၊ ပြည်သူများအချင်းချင်း ထိတွေ့ ဆက်ဆံမှုများနှင့် ပတ်သက်၍လည်း တိုးမြှင့်ဆောင်ရွက်သွားကြရန်လိုကြောင်း။

ပညာတော်သင်များ စေလွှတ်ရေးနှင့်ပတ်သက်၍လည်း မိမိတို့နိုင်ငံအနေဖြင့် ပညာရေးကဏ္ဍကို မဖြစ်မနေ မြှင့်တင်ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မလေးရှားနိုင်ငံသည်လည်း ပညာရေးပိုင်းဆိုင်ရာတွင် အားကောင်းသည့်နိုင်ငံဖြစ်သဖြင့် ပညာတော်သင်များစေလွှတ်၍ ရနိုင်မည်ဆိုပါက မိမိတို့နိုင်ငံအတွက် အထောက်အပံ့ကောင်း ဖြစ်စေနိုင်မည်ဖြစ်ကြောင်း။

သံရုံး၊ စစ်သံရုံးဝန်ထမ်းများ၊ မိသားစုများအနေဖြင့် နိုင်ငံရပ်ခြားတွင် မိမိတို့နိုင်ငံတော်၏ တာဝန်များကို လာရောက်တာဝန်ထမ်းဆောင်နေကြသူများ အနေဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို ကျေပွန်အောင် ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုပြီး မိမိတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ထိန်းသိမ်းသွားကြရန်၊ မြှင့်တင်သွားကြရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတသည် မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများအတွက် လက်ဆောင်ပစ္စည်းများနှင့် ချီးမြှင့်ငွေများကို ပေးအပ်ရာ သံအမတ်ကြီး၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ)နှင့် သင်တန်းသားများက လက်ခံရယူကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ပြီး သံရုံးဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

○ ကျွန်းလှမှ

"ကျွန်းလှမြို့နယ်မှာ ဒီနှစ်မိုးရာသီ မြေပဲစိုက်ပျိုးဖို့ ၇၅၈၂ ဧကလျာထားတဲ့အနက် ၇၂၅၆ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အခုအခါ မြေပဲစိုက်ဧကအားလုံး ရိတ်သိမ်းပြီး တစ်ဧက ၄၃ ဒသမ ၅၃ တင်းထွက်ရှိပါတယ်။ တောင်သူတွေ ဆောင်းမြေပဲ သီးထပ်စိုက်ပျိုးဖို့ ပြင်ဆင်နေကြပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

အသိပညာပေး

အဆိုပါ မိုးမြေပဲစိုက်ပျိုးသည့် တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်ရရှိရေးဆောင်ရွက်ပေးခြင်း၊ သင်တန်းများဖွင့်လှစ်ခြင်း၊ ကွင်းသရုပ်ပြပွဲများပြုလုပ်ခြင်း စသည့် စိုက်ပျိုးရေးဆိုင်ရာနည်းပညာများ ကွင်းဆင်းအသိပညာပေးခဲ့ကြောင်း သိရသည်။

မျိုးဝင်းညို(ကျွန်းလှ)

---

✳ မန္တလေးမှ

လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အားကစားအဖွဲ့များအတွက် လိုအပ်သည့်အားကစားအထောက်အကူပြုပစ္စည်းများကို ဖြည့်ဆည်းထောက်ပံ့ပေးသွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့ပြင် အောက်တိုဘာ ၆ ရက်က စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ စစ်ကိုင်း နှစ်(၇၀၀)ပြည့် အားကစားကွင်းနှင့် ပိုးတန်းမြို့နယ်အားကစားကွင်း တည်ဆောက်ရေးလုပ်ငန်း၊ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး) တည်ဆောက်ရေးလုပ်ငန်း၊ မန္တလာသီရိအားကစားကွင်းရှိ ဘောလုံးကွင်းနှင့် Multipurpose Hall(ဘက်စုံသုံးခန်းမ)နှင့် ချမ်းမြသာစည်မြို့နယ်ရှိ တည်ဆောက်ရေးလုပ်ငန်း၊ ရွှေမန်းတောင်အားကစားကွင်းရှိ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး အဆောက်အအုံများအား ပြုပြင်ထိန်းသိမ်းခြင်း၊ ပြန်လည်အဆင့်မြှင့်တင်ခြင်းများနှင့် အသစ်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းကိုက်ညီပြီး အရည်အသွေးပြည့်မီစေရေး၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးစေရေး စနစ်တကျစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားရန် မှာကြားသည်။

အောက်တိုဘာ ၅ ရက်က မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရမည်းသင်းမြို့နယ်နှင့် ပျော်ဘွယ်မြို့နယ်အားကစားကွင်း၊ ဝမ်းတွင်းမြို့နယ်၊ မိတ္ထီလာမြို့နယ်တို့ရှိ (ပေါက်ချောင်းကွင်း၊ မိုးလုံလေလုံခန်းမ၊ ခရိုင်ဘောလုံးကွင်း)နှင့် ကူမဲမြို့နယ်ရှိ အားကစားကွင်းများကိုလည်းကောင်း၊ မြစ်သားမြို့နယ်၊ ကျောက်ဆည်မြို့နယ်နှင့် စဉ့်ကိုင်မြို့နယ်တို့ရှိ အားကစားကွင်း၊ အားကစားရုံများနှင့် တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုက်နာဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းပိုင်းဆိုင်ရာများကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

---

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် အောက်တိုဘာ ၇

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ပြည်သူ့လွှတ်တော်ကော်မတီများမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် အောက်တိုဘာ ၇

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော်တွင် ဖွဲ့စည်းထားရှိသည့် ကော်မတီများမှဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၂/၂၀၂၆) ကို ယနေ့မွန်းလွဲ ၂ နာရီတွင် ပြည်သူ့လွှတ်တော် ( C ) ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မိမိတို့ တတိယအကြိမ် ပြည်သူ့လွှတ်တော်သည် တတိယ ပုံမှန်အစည်းအဝေးသို့ ရောက်ရှိလာပြီဖြစ်ပါကြောင်း၊ လွှတ်တော်၏လုပ်ငန်းတာဝန်များသည် သိသာထင်ရှားသည့်အရွေ့တစ်ခုသို့ ရောက်ရှိရန်အတွက် ကော်မတီများ၏ ဆောင်ရွက်ချက်များသည် အဓိကကျပါကြောင်း၊ ကော်မတီများအား လွှတ်တော်အတွင်း၌ သက်ဆိုင်ရာကဏ္ဍအလိုက် အသေးစိတ်လေ့လာခြင်း၊ စိစစ်ဆွေးနွေးခြင်း၊ အကြံပြုခြင်းများဖြင့် လွှတ်တော်၏လုပ်ငန်းများကို ပိုမိုအားကောင်းစေရန် ဖွဲ့စည်းထားရှိခြင်းဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့် အထူးပြုလုပ်ငန်းတာဝန်များကို လက်တွေ့ဆောင်ရွက်ပေးရသည့်အဖွဲ့လည်းဖြစ်ပါကြောင်း၊ ထို့ကြောင့် ကော်မတီများအနေဖြင့် မိမိတို့နှင့်သက်ဆိုင်သည့် ကဏ္ဍအသီးသီးတွင် ကျွမ်းကျင်နှံ့စပ်မှုရှိစေရန် စဉ်ဆက်မပြတ် လေ့လာနေကြရမည်ဖြစ်ပါကြောင်း၊ ကော်မတီအလိုက် လေ့လာစိစစ်ရမည့်ဥပဒေများနှင့် စပ်လျဉ်း၍လည်း ခေတ်ကာလနှင့်ကိုက်ညီမှုရှိစေရေးအတွက် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ရုပ်သိမ်းခြင်းနှင့် လိုအပ်ပါက ဥပဒေအသစ်ပြဋ္ဌာန်းခြင်းများ ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးကြရမည်ဖြစ်ပါကြောင်း၊ ကော်မတီများအနေဖြင့် လွှတ်တော်၏ဥပဒေပြုလုပ်ငန်းစဉ်များ ပိုမိုထိရောက်စေရန်အတွက် Legislative Calendar များ ရေးဆွဲဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

မိမိတို့သည်ပြည်သူများ၏အသံနှင့်လိုလားချက်များကို အလေးအနက်ထားဆောင်ရွက်ရမည်ဖြစ်သလို နိုင်ငံတော်အတွက် အထောက်အကူဖြစ်စေမည့်ဥပဒေပြုရေးဆိုင်ရာ ကိစ္စရပ်များကိုလည်း အလေးထားစဉ်းစားကြရမည်ဖြစ်ပါကြောင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာကိစ္စရပ်များ၊ အမျိုးသမီးနှင့်ကလေးသူငယ်များအား အကြမ်းဖက်မှုမှအကာအကွယ်ပေးရေးဆိုင်ရာ ကိစ္စရပ်များ၊ သက်ကြီးရွယ်အိုစောင့်ရှောက်မှုဆိုင်ရာ ကိစ္စရပ်များ၊ တောင်သူလယ်သမားများ၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ သဘာဝဘေးအန္တရာယ်ကာကွယ်တားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ တည်ဆဲဥပဒေများဖြင့် မလုံလောက်ပါက ဥပဒေအသစ်များပြဋ္ဌာန်းနိုင်ရေး သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ကော်မတီများအနေဖြင့် မိမိတို့၏ ဆောင်ရွက်ချက်များကို သိသာထင်ရှားသည့်တိုးတက်မှုများရှိစေရန်အတွက် Key Performance Indicator (KPI) ဖြင့် အကဲဖြတ်တိုင်းတာဆောင်ရွက်ထားရှိရန် လိုအပ်ပါကြောင်း၊ ကော်မတီ၏လုပ်ငန်းတာဝန်များနှင့်ပတ်သက်၍ အခြားနိုင်ငံတကာလွှတ်တော်များ၏ ဆောင်ရွက်ချက်များအပေါ် လေ့လာသုံးသပ်ပြီး နိုင်ငံနှင့် ပြည်သူကိုအကျိုးပြုသော လွှတ်တော်တစ်ရပ်ဖြစ်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက ကိုယ်စားလှယ်တစ်ဦးချင်းစီ၏ စွမ်းဆောင်ရည်မြင့်မားမှသာ လွှတ်တော်၏အခန်းကဏ္ဍလည်း မြင့်မားလာမည်ဖြစ်ပါကြောင်း၊ ကိုယ်စားလှယ်များ အရည်အသွေးမြင့်မားရေးအတွက် ဆွေးနွေးပွဲများ၊ သင်တန်းများ ဖွင့်လှစ်ပေးသွားမည်ဖြစ်ပါကြောင်း၊ ကော်မတီများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်များသည် အတွေ့အကြုံရှိသည့်ပုဂ္ဂိုလ်များဖြစ်၍ ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်များနှင့်စပ်လျဉ်း၍ဆောင်ရွက်ရာတွင် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပါက ပိုမိုထိရောက်မှုရှိမည်ဟု အကြံပြုလိုပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ကော်မတီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများက ကော်မတီများအလိုက်ဆောင်ရွက်နေသည့်ကိစ္စရပ်များကို တင်ပြကြပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

သတင်းစဉ်

## ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ဆဋ္ဌမအကြိမ် ရုရှား-မြန်မာအစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး ကော်မရှင်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်

နေပြည်တော် အောက်တိုဘာ ၇

အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ ၂၀၂၆ ခုနှစ် အောက်တိုဘာ ၅ ရက်က ကျင်းပသည့် ဆဋ္ဌမအကြိမ် ရုရှား-မြန်မာအစိုးရအချင်းချင်းကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးကော်မရှင်အစည်းအဝေးနှင့် စီးပွားရေးဆိုင်ရာဆွေးနွေးပွဲများသို့ တက်ရောက်ခဲ့သည်။



ဦးစွာ ရုရှား-မြန်မာအစိုးရအချင်းချင်းကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးကော်မရှင်၏ပူးတွဲဥက္ကဋ္ဌများဖြစ်သည့် ပြည်ထောင်စုဝန်ကြီးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး မစ္စတာ မက်ခ်ဆင်း ရယ်ရှဲသငြိကော့ဗ်တို့သည် သီးသန့်တွေ့ဆုံဆွေးနွေးကြသည်။

ထို့နောက် ကော်မရှင်အစည်းအဝေး၏ မျက်နှာစုံညီအစည်းအဝေးကို ကျင်းပရာ ကော်မရှင်ပူးတွဲဥက္ကဋ္ဌများက နှစ်နိုင်ငံအကြားစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ စွမ်းအင်ကဏ္ဍ၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့တွင် ဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ နှစ်ဖက်အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့်အလားအလာများကို ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ဆဋ္ဌမအကြိမ် ရုရှား-မြန်မာအစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးကော်မရှင်အစည်းအဝေး၏ ဆွေးနွေးမှုမှတ်တမ်းကို အတည်ပြုပြီး ကျန်းမာရေး၊ ပညာရေး၊ စွမ်းအင်၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ ပူးပေါင်းဆောင်ရွက်မှု တိုးချဲ့နိုင်စေရန် ရည်ရွယ်၍ နှစ်နိုင်ငံအကြား စာချုပ်စာတမ်းများကို လက်မှတ်ရေးထိုးလဲလှယ်ခဲ့ကြသည်။

ထို့ပြင် နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များအချင်းချင်း စီးပွားရေးဆိုင်ရာအခွင့်အလမ်းများကို ဆွေးနွေးခြင်းနှင့် စီးပွားရေးဆိုင်ရာအဆက်အသွယ်များ ထူထောင်ခြင်းတို့ကို ပြုလုပ်နိုင်စေရန် စီးပွားရေးဆိုင်ရာဆွေးနွေးပွဲ (Business-to-Business -B2B Session)ကိုလည်း ကျင်းပပြုလုပ်ခဲ့သည်။

အောက်တိုဘာ ၄ ရက်က မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၆ ခုနှစ် ရှေ့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှ ကိုယ်စားလှယ်များနှင့်လည်းကောင်း၊ JSC "CenterInform" မှ ကိုယ်စားလှယ်များနှင့်လည်းကောင်း သီးခြားစီတွေ့ဆုံ၍ ပူးပေါင်းဆောင်ရွက်နိုင်မည့်အလားအလာများကို ဆွေးနွေးခဲ့ကြသည်။

ခရီးစဉ်အတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် စီးပွားရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များသည် စီးပွားရေးဆိုင်ရာဆွေးနွေးပွဲ (Business-to-Business -B2B Session) ကို တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်း ဖွင့်လှစ်

**ပွင့်ဖြူ အောက်တိုဘာ ၇**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ် အမှတ်(၄၆)စက်မှုလယ်ယာစခန်းက မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ လယ်ယာသီးနှံစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် လယ်ယာလုပ်သားရှားပါးမှု အခက်အခဲများ ပြေလျော့သက်သာစေပြီး လယ်ယာသုံးစက်ကိရိယာများ တွင်ကျယ်စွာ စနစ်တကျ ကိုင်တွယ်အသုံးပြုတတ်စေရန် ရည်ရွယ်ဖွင့်လှစ်သည့် လယ်ယာသုံး စက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းဖွင့်ပွဲကို ယမန်နေ့က အဆိုပါ မြို့နယ်စက်မှုလယ်ယာစခန်းတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းသူလင်းက အဖွင့်အမှာစကားပြောကြားပြီး မင်းဘူးခရိုင် စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မင်းအောင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ သင်တန်းတွင် လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် ဒေသတွင်း လယ်ယာသီးနှံစိုက်ပျိုးစွမ်းအားတိုးတက်မြင့်မားရေးအတွက် တောင်သူအကျိုးပြုလယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှုသင်တန်း ဖွင့်လှစ်သင်ကြားပေးမှုအပေါ် သင်တန်းကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး တာဝန်ရှိသူများက သင်တန်းအတွက် အထောက်အကူပြုပစ္စည်းများကို ပေးအပ်ခဲ့သည်။ **(ယာမုံ)**



အဆိုပါ လယ်ယာသုံး စက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းကို မြို့နယ်အတွင်းရှိ ဒေသခံတောင်သူ ၃၀ ဦး တက်ရောက်သင်ကြားခဲ့ပြီး လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ အောက်တိုဘာ ၅ ရက်မှ ၁၆ ရက်အထိ ၁၂ ရက်ကြာ ဖွင့်

(၄၄၅)

# တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၇**

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လျှပ်စစ်မီးရရှိရေး၊ ဝန်ထမ်းအိမ်ရာများ၊ ကျောင်းဆောင်သစ်များနှင့် ပညာရေးအထောက်အကူပြု သိုလှောင်ရုံဆောက်လုပ်ပေးရေး၊ ပညာသင်စရိတ်ချေးငွေများ ထုတ်ချေးပေးရေး၊ တက္ကသိုလ်များ နိုင်ငံတကာအဆင့်မီအောင် ဆောင်ရွက်ပေးရေး၊ ဘွဲ့နှင်းသဘင်ခန်းမ တည်ဆောက်ပေးရေး၊ ဘာသာရပ်သင်ကိုယ်ပိုင်သင်တန်း ဥပဒေကို အသစ်ပြန်လည် ရေးဆွဲပြဋ္ဌာန်းပေးရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်း ၁၀ ခု မေးမြန်းဖြေကြားခြင်းနှင့် အဆိုနှစ်ခု ဆွေးနွေးအတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ တီးတိန်မဲဆန္ဒနယ်မှ ဦးဆလိုင်းအောင်ပြည့်၏ **မဟာဓာတ်အားလိုင်း (၆၆)ကေဗွီလိုင်းအား ကလေးမြို့မှ တီးတိန်မြို့သို့ သွယ်တန်းပေးနိုင်ရန် အစီအစဉ် ရှိ /မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်က လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အနေဖြင့် တီးတိန်မြို့အား မဟာဓာတ်အားလိုင်းစနစ်ဖြင့် ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် ၆၆ ကေဗွီ ကလေး - တီးတိန် - သိုင်းငင်း ဓာတ်အားလိုင်း မိုင် ၄၀ နှင့် ၆၆ ကေဗွီဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းအား ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂၁ ရက်တွင် ဂျပန်နိုင်ငံ JICA (MY-P30) ချေးငွေစီမံကိန်းအသစ်တွင် ထည့်သွင်းလျာထားခဲ့သော်လည်း ချေးငွေစီမံကိန်းအသစ်မှာ အကောင်အထည်မဖော်နိုင်ဘဲ ဆိုင်းငံ့လျက်ရှိပါသဖြင့် ချင်းပြည်နယ်အစိုးရအဖွဲ့၏ ညှိနှိုင်းတောင်းဆိုမှုအရ တီးတိန်မြို့သို့ မဟာဓာတ်အားလိုင်းစနစ် အမြန်ဆုံး ရောက်ရှိနိုင်စေရေးအတွက် ၆၆ ကေဗွီ ကလေး-သိုင်းငင်း-တီးတိန် ဓာတ်အားလိုင်း မိုင် ၄၀ တည်ဆောက်ခြင်းအစား လျှပ်စစ်ဓာတ်အား ရောက်ရှိပြီးဖြစ်သည့် ၆၆ ကေဗွီ ဂန့်ဂေါ - ဟားခါး - ဖလမ်း - သိုင်းငင်း ဓာတ်အားလိုင်းမှ ဆက်လက်ချိတ်ဆက်၍ ၆၆ ကေဗွီ သိုင်းငင်း-တီးတိန် ဓာတ်အားလိုင်း ၁၆ ဒသမ ၃ မိုင်နှင့် ၆၆ ကေဗွီ တီးတိန်



တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ ကျင်းပစဉ်။

ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းအား ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်မှစတင်၍ လျာထားဆောင်ရွက်ခဲ့ပါကြောင်း။

၆၆ ကေဗွီ ဓာတ်အားလိုင်း ၁၆ ဒသမ ၃ မိုင် တည်ဆောက်ခြင်းအတွက် ပြည်ထောင်စုရန်ပုံငွေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် ပထမအသုတ် တာဝါတိုင်များအား ငွေကျပ် သန်း ၁၂၉၂ ဒသမ ၉၂၀ ဖြင့်လည်းကောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ဒုတိယအသုတ် တာဝါတိုင်များ၊ ၆၆/၁၁ ကေဗွီ ၁၀ အမ်ဗွီအေ ထရန်စဖော်မာနှင့် ဓာတ်အားခွဲရုံ ပစ္စည်းများအား ငွေကျပ် ၄၆၇၅ ဒသမ ၀၇၉ သန်းဖြင့်လည်းကောင်း စုစုပေါင်း ငွေကျပ် ၅၉၆၇ ဒသမ ၉၉၉ သန်းဖြင့် တင်ဒါခေါ်ဝယ်ယူခဲ့သော်လည်း နယ်မြေအခြေအနေအရ လုပ်ငန်းခွင်သို့ ပစ္စည်းပေးပို့နိုင်မှု မရှိသေးသဖြင့် နေပြည်တော် ဌာနစတိုတွင် ပစ္စည်းများအား စုဆောင်း သိမ်းဆည်းထားရှိပြီး တည်ဆောက်ရေး လုပ်ငန်းများ လျာထား ဆောင်ရွက်ခြင်းအား ရပ်နားထားခဲ့ပါကြောင်း။

ကျန်ရှိသည့် တတိယအသုတ် တာဝါတိုင်နှင့် ဆက်စပ်ပစ္စည်းများ၊ ဓာတ်အားခွဲရုံဆက်စပ်ပစ္စည်းများနှင့် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ မြို့ပြနှင့် လျှပ်စစ်ပိုင်းဆိုင်ရာ တည်ဆောက်စရိတ်များအတွက် ငွေကျပ် ၆၂၆၆ ဒသမ ၀၂၃ သန်းအား ထပ်မံလျာထား ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပြီး လတ်တလော နယ်မြေအခြေအနေအရ ပစ္စည်းများပို့ဆောင်ခြင်းနှင့် တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်းအား ဆက်လက် လျာထား ဆောင်ရွက်နိုင်ခြင်း မရှိပါသဖြင့် နယ်မြေအခြေအနေအရ လုပ်ငန်းဆောင်ရွက်နိုင်သည့်အခါ ကျန်ရှိပစ္စည်းများ အပြီးသတ်ဝယ်ယူခြင်းနှင့် တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်းအား ပြည်ထောင်စုရန်ပုံငွေဖြင့် ဆက်လက်လျာထား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

အင်္ဂပူမဲဆန္ဒနယ်မှ ဒေါက်တာငွေးဝင်း၏ **အင်္ဂပူမြို့နယ်ရှိ ထူးကြီးဒေသ၊ ချောင်းခွ၊ ညောင်ပင်ကြီးကွင်း၊ တစ်တီတူးကွင်း စသည့် ကျေးရွာအုပ်စုများ၌ လျှပ်စစ်မီးရရှိရေးဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် ထူးကြီးဒေသရှိ ချောင်းခွကျေးရွာအုပ်စုတွင် ကျေးရွာငါးရွာ၊ ညောင်ပင်ကြီးကွင်း ကျေးရွာအုပ်စုတွင် ကျေးရွာခြောက်ရွာနှင့် တစ်တီတူးကွင်း ကျေးရွာအုပ်စုတွင် ကျေးရွာ သုံးရွာ စုစုပေါင်း ကျေးရွာ ၁၄ ရွာရှိပြီး အဆိုပါ ကျေးရွာ ၁၄ ရွာအနက် ညောင်ပင်ကြီးကွင်းကျေးရွာအုပ်စု ဘန့်ဘွေးကုန်းကျေးရွာနှင့် တစ်တီတူးကွင်း ကျေးရွာအုပ်စု တစ်တီတူးကွင်း ကျေးရွာတို့သည် ဓာတ်အားစနစ်ဖြင့် ဓာတ်အားဖြန့်ဖြူးပြီး ဖြစ်ပါကြောင်း။

အင်္ဂပူမြို့နယ်ရှိ ထူးကြီးဒေသ၊ ချောင်းခွအုပ်စု၊ ညောင်ပင်ကြီးကွင်းအုပ်စု၊ တစ်တီတူးကွင်းအုပ်စုတို့မှ မီးလင်းရန်ကျန်သည့် ကျေးရွာ ၁၂ ရွာ ဓာတ်အားရရှိရေးအတွက် ၁၁ ကေဗွီ ဓာတ်အားလိုင်း ၆ ဒသမ ၇၆ မိုင်နှင့် ၁၁/၀ ဒသမ ၄ ကေဗွီ၊ ထရန်စဖော်မာ ၁၂ လုံး တည်ဆောက်ခြင်း လုပ်ငန်းများအား တိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေလုံးငွေရင်းရန်ပုံငွေမှ ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ် မူတည်၍ အဆင့်ဆင့် လျာထားဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းနှင့် ကျေးရွာများအတွင်း ဗို့ ၄၀၀ ဓာတ်အားလိုင်း တည်ဆောက်ခြင်းလုပ်ငန်းများအား ကျေးရွာမှ ကိုယ်ထူကိုယ်ထ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မလှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်သူ၏ **မလှိုင်မြို့နယ် အထက (ခွဲ)ဝါးခွ၊ အမက (ရေစင်) နှင့် အထက(ခွဲ) ထန်းပင်ကန် တို့တွင် ကျောင်းဆောင်အသစ်တစ်လုံးစီ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ဝါးခွ-အခြေခံပညာ အထက်တန်းကျောင်း (ခွဲ)တွင် ကျောင်းဆောင် ငါးဆောင်၊ စာသင်ခန်း ၁၅ ခန်းဖြင့် သင်ကြားသင်ယူမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ကျောင်းသားဦးရေအရ စာသင်ခန်းလေးခန်း လိုအပ်ကြောင်း တွေ့ရှိရသည့်အတွက် အဆိုပါလိုအပ်သော စာသင်ခန်းလေးခန်းအတွက် ပေ ၁၂၀ x ၃၀ RC တစ်ထပ်ကျောင်းဆောင်အား အသစ်ဆောက်လုပ်ရန် နောင်လာမည့် ဘဏ္ဍာရေးနှစ်များတွင် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ် တိုင်းဒေသကြီး၏ တန်းစီဇယားဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ရေစင်-အခြေခံပညာ မူလတန်းကျောင်းတွင် ပေ ၁၂၀x ၃၀ အုတ်ညှပ်တစ်ထပ်ဆောင်၌ စာသင်ခန်း ခြောက်ခန်းဖြင့် သင်ကြားသင်ယူမှု လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ကျောင်းသားဦးရေအရ စာသင်ခန်း သုံးခန်းလိုအပ်ကြောင်း တွေ့ရှိရသည့်အတွက် အဆိုပါလိုအပ်သော စာသင်ခန်း သုံးခန်းအတွက် ပေ ၆၀ x ၃၀ RC တစ်ထပ်ကျောင်းဆောင်အား အသစ်ဆောက်လုပ်ရန် နောင်လာမည့် ဘဏ္ဍာရေးနှစ်များတွင် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ် တိုင်းဒေသကြီး၏ တန်းစီဇယားဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ထန်းပင်ကန်-အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)တွင် ကျောင်းဆောင်များအနေဖြင့် ပေ ၁၅၀ x ၃၀ အုတ်ညှပ်တစ်ထပ်၊ ပေ ၁၂၀ x ၃၀ အုတ်ညှပ်တစ်ထပ်၊ ပေ ၁၀၀ x ၃၀ အုတ်ညှပ်တစ်ထပ် စုစုပေါင်း ကျောင်းဆောင် သုံးဆောင်၊ စာသင်ခန်း ၁၂ ခန်းဖြင့် သင်ကြားသင်ယူမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ကျောင်းသားဦးရေအရ စာသင်ခန်းလေးခန်းလိုအပ်ကြောင်း တွေ့ရှိရသည့်တွက် အဆိုပါလိုအပ်သော စာသင်ခန်း လေးခန်းအတွက် ပေ ၁၂၀ x ၃၀ RC တစ်ထပ်ကျောင်းဆောင်အား အသစ်ဆောက်လုပ်ရန် နောင်လာမည့် ဘဏ္ဍာရေးနှစ်များတွင် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ် တိုင်းဒေသကြီး၏ တန်းစီဇယားဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုင်းရှူးမဲဆန္ဒနယ်မှ ဦးစိုင်းကံ၏ **မိုင်းရှူးမြို့နယ် မိုင်းအော့ အထက(ခွဲ)ကျောင်း၏ ဝန်ထမ်းအိမ်ရာများနှင့် ကျောင်းဆောင်သစ်တစ်ဆောင်ကို မည်သည့်နှစ်များတွင် ဆောက်လုပ်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းရှူးမြို့နယ် မိုင်းအော့-အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ကျောင်းဆောင်များအနေဖြင့် အဆိုပါကျောင်းတွင် ၁၅၀ x ၂၅ ပေသွပ်မိုး အုတ်ညှပ် နှစ်ထပ်၊ ပေ ၁၂၀ x ၃၀ သွပ်မိုး အုတ်ညှပ်တစ်ထပ် စုစုပေါင်း ကျောင်းဆောင်နှစ်ဆောင်၊ စာသင်ခန်း ၁၀ ခန်းဖြင့် သင်ကြားသင်ယူမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ကျောင်းသားဦးရေအရ စာသင်ခန်း သုံးခန်း လိုအပ်ပါကြောင်း။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းရှူးမြို့နယ် မိုင်းအော့-အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ကျောင်းသားဦးရေအရ လိုအပ်သောစာသင်ခန်း သုံးခန်းအတွက် ပေ ၉၀ x ၃၀ RC တစ်ထပ် ကျောင်းဆောင်အား အသစ်ဆောက်လုပ်ရန်၊ အဆိုပါ ကျောင်း၏ ပေ ၁၅၀ x ၂၅ ပေ အုတ်ညှပ်နှစ်ထပ်ဆောင် အမိုးသွပ်ပေါက်ပြဲ၍ မိုးယိုနေခြင်းအား အကြီးစားပြုပြင်ရန်နှင့် ကျောင်းပိုင်မြေသည် ၁ ဒသမ ၁၆၈ ဧကရှိပြီး လိုအပ်လျက်ရှိသည့် ပေ ၂၈၀ အုတ်တံတိုင်းကာရံရန် လာမည့် ဘဏ္ဍာရေးနှစ်များတွင် ရန်ပုံငွေရရှိမှုအပေါ် ပြည်နယ်၏ တန်းစီဇယားဖြင့် လျာထားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

အဆိုပါကျောင်းတွင် ဝန်ထမ်းအိမ်ရာ ထပ်မံဆောက်လုပ်ရန် မြေနေရာ လုံလောက်မှုမရှိပါကြောင်းနှင့် လက်ရှိဝန်ထမ်းအိမ်ရာများအား လုံခြုံမှုရှိစေရေး အမြန်ဆုံး ပြင်ဆင်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

သုံးခွမဲဆန္ဒနယ်မှ ဦးအောင်ကျော်မင်း၏ **သုံးခွမြို့နယ် မြို့မ-အခြေခံပညာ အထက်တန်းကျောင်းတွင် ကျောင်းဆောင်ဟောင်း ဖျက်သိမ်းခွင့်ပြုရန်နှင့် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် မြို့မ-အခြေခံပညာ အထက်တန်းကျောင်းတွင် စာသင်ခန်း ၂၁ ခန်းဖြင့် သင်ကြားသင်ယူမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ကျောင်းသားဦးရေအရ စာသင်ခန်းငါးခန်း လိုအပ်ပါကြောင်း။

သို့ဖြစ်ပါ၍ ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် မြို့မ-အခြေခံပညာ အထက်တန်းကျောင်းရှိ ခရေဆောင် ပေ ၁၀၀x ၃၀ (အန္တရာယ်ဆောင်)သည် အင်ဂျင်နီယာ ထောက်ခံချက်အရ အန္တရာယ်ရှိပါသဖြင့် ဖျက်သိမ်း၍ ၎င်းကျောင်းဆောင်တွင် သင်ကြားနေသော စာသင်ခန်းသုံးခန်းနှင့် ကျောင်းသားဦးရေအရ လိုအပ်သော စာသင်ခန်းငါးခန်း စုစုပေါင်း စာသင်ခန်း ရှစ်ခန်းအတွက် ပေ ၁၄၀ x ၃၀ RCC နှစ်ထပ် တိုးချဲ့အသစ်ဆောက်လုပ်ရန် နောင်လာမည့် ဘဏ္ဍာရေးနှစ်များတွင် ငွေလုံးငွေရင်း(တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ် တိုင်းဒေသကြီး၏ တန်းစီဇယားဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကျုံပျော်မဲဆန္ဒနယ်မှ ဦးဇော်မင်း၏ **ကျုံပျော်မြို့နယ် ခရိုင်ပညာရေးမှူးရုံး၌ ပညာရေးအထောက်အကူပြုသိုလှောင်ရုံ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင်ပညာရေးမှူးရုံး ပေ ၁၀၀ x ၃၀ RC နှစ်ထပ် အဆောက်အအုံအား ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ခဲ့ပြီး ဝန်ထမ်းအင်အားအနေဖြင့် အရာထမ်း ၁၅ ဦး၊ အမှုထမ်း ၂၃ ဦး စုစုပေါင်း ဝန်ထမ်း ၃၈ ဦး တာဝန်ထမ်းဆောင်လျက် ရှိပါကြောင်း၊ ခရိုင် ပညာရေးမှူးရုံးအနေဖြင့် ခရိုင်အတွင်းရှိ မြို့နယ်များသို့ ဖြန့်ဝေမည့် ကျောင်းသုံးပြဋ္ဌာန်းပုံနှိပ်စာအုပ်များ၊ ဆရာကိုင်ဆရာလမ်းညွှန် စာအုပ်များ၊ သင်ထောက်ကူပစ္စည်းများ၊ ဗလာစာအုပ်များ ထားသိုနိုင်ရေးအတွက် လိုအပ်လျက်ရှိသော ပေ ၁၂၀ x ၃၀ RC တစ်ထပ် သိုလှောင်ရုံအား လာမည့်ဘဏ္ဍာရေးနှစ်များတွင် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ရန်ပုံငွေဖြင့် တိုင်းဒေသကြီး၏ တန်းစီဇယားဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

စာမျက်နှာ ၉ သို့ ✦

✦ စာမျက်နှာ ၈ မှ

ဘားအံမဲဆန္ဒနယ်မှ ဦးသက်နိုင်ဦး၏ **တက္ကသိုလ်ပညာနှင့် အဆင့်မြင့်ပညာ သင်ကြားရန် အခက်အခဲရှိသူများအား ပညာသင် စရိတ်ချေးငွေများ ထုတ်ချေးပေးရန် မည်သည့်အချိန်တွင် စတင်ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း**မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ပညာရေး ဝန်ကြီးဌာနသည် အမှန်တကယ် နွမ်းပါးဆင်းရဲသော မိသားစုများမှ ကျောင်းသား ကျောင်းသူများ တက္ကသိုလ်ပညာ ဆက်လက်သင်ယူနိုင်ရေးအတွက် ပညာသင်ထောက်ပံ့ကြေးများကို တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီး ကပ်လျက်ပညာသင်နှစ်တွင် တက္ကသိုလ်၊ ဒီဂရီကောလိပ် ပထမနှစ် (နေ့သင်တန်း) တက်ရောက်လျက် ရှိသော စုစုပေါင်း ကျောင်းသားဦးရေ၏ ၁၀ ရာခိုင်နှုန်းအား ပထမဘွဲ့ရရှိသည်အထိ ပညာသင်နှစ် တစ်နှစ်လျှင် ၁၀ လ၊ တစ်လလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် သတ်မှတ်ချက်နှင့် ကိုက်ညီသူများအား နှစ်စဉ် ချီးမြှင့်လျက်ရှိပါကြောင်း။

တက္ကသိုလ်များတွင် One campus၊ Two-system စနစ်ဖြင့် နေ့သင်တန်းများအပြင် အဝေးသင် သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသောကြောင့် ချို့ငဲ့နွမ်းပါးသော ကျောင်းသား ကျောင်းသူများအနေဖြင့် ဝင်ငွေရရှိသည့် အလုပ်လုပ်ကိုင်လျက် တက္ကသိုလ်ပညာ၊ အဆင့်မြင့်ပညာများ ဆက်လက်သင်ယူနိုင်ပါကြောင်း၊ ပညာရေးတက္ကသိုလ်များသို့ တက်ရောက်သော ကျောင်းသား ကျောင်းသူများအား နိုင်ငံတော်က စားသောက်စရိတ်များ ထောက်ပံ့ပေးအပ်ကာ B.Ed ဘွဲ့ရရှိပြီးနောက် အထက်တန်းပြ ဆရာများအဖြစ် နိုင်ငံ့တာဝန်ကို ထမ်းဆောင်စေလျက်ရှိပါကြောင်း။

ပညာရေးဒီဂရီကောလိပ် ၂၅ ကျောင်းတွင် နိုင်ငံတော်က စားသောက်စရိတ် ထောက်ပံ့ကျွေးမွေးကာ ကျောင်းအိပ်၊ ကျောင်းစား စီစဉ်ထားရှိ၍ စားသောက်ရေး၊ နေထိုင်ရေးတို့ကို စီမံ ဆောင်ရွက်ပေးထားပြီး လေးနှစ်သင်တန်း ပြီးဆုံးပါက မူလတန်းပြနှင့် အလယ်တန်းပြ ဆရာများအဖြစ် နိုင်ငံ့တာဝန်ကို ထမ်းဆောင်စေလျက်ရှိပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် လက်ရှိ အခြေအနေတွင် ကျောင်းသား လူငယ်များ တက္ကသိုလ်ပညာ၊ အဆင့်မြင့်ပညာများ ဆက်လက် သင်ကြားနိုင်ရန် အတွက် လုံလောက်သည့် တက္ကသိုလ် ပညာသင်စရိတ် ချေးငွေများ ထုတ်ချေးပေးရန် အစီအစဉ်မရှိသေးပါကြောင်းနှင့် နေ့သင်တန်း တက်ရောက်နေသော ချို့ငဲ့နွမ်းပါးသည့် ကျောင်းသား ကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ကြေးများ ချီးမြှင့်ပေးလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ထားဝယ် မဲဆန္ဒနယ်မှ ဒေါက်တာ ကျော်ကျော်ဌေး၏ **နိုင်ငံတော်က ဖွင့်လှစ်ထားသည့် တက္ကသိုလ်များကို နိုင်ငံတကာ အဆင့်မီရေး မည်သို့ဆောင်ရွက်နေသည်နှင့် ဆောင်ရွက်သွားမည့် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ပညာရေး ဝန်ကြီးဌာနသည် တက္ကသိုလ်များကို နိုင်ငံတကာအဆင့်မီရေး အတွက် သင်ရိုးညွှန်းတမ်းများ နိုင်ငံတကာ အဆင့်မီရေးနှင့် ပေါင်းစပ် ဘာသာရပ်များနှင့် အသုံးချဘာသာရပ်များ တိုးချဲ့ သင်ကြားရေးတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတကာ အဆင့်မီသင်ရိုးများ ဖြစ်စေရန် အတွက် သင်ရိုးသစ်များ နှစ်စဉ် ပြင်ဆင်ရေးဆွဲခြင်းတို့ကို ဘာသာရပ် သင်ကြားရေးအဖွဲ့များက ဆောင်ရွက်လျက် ရှိပါကြောင်း၊ Tutorials၊ Assignments၊ Practicals များကို ပုံမှန်ဆောင်ရွက်စေပြီး တီထွင်ဆန်းသစ်သော သင်ကြားသင်ယူမှု ဖြစ်စေရန် Project-based Learning (PBL) အပါအဝင် ကျောင်းသားဗဟိုပြု သင်ကြားနည်းများ အကောင်အထည်ဖော်ခြင်း၊ ဒီဂျစ်တယ် နည်းပညာအသုံးပြု သင်ကြား သင်ယူမှုဖြစ်စေရန် Learning Management System (LMS) တည်ထောင်ခြင်းနှင့် Digital Library များ ဖွင့်လှစ်ထားရှိခြင်း စသည်တို့ကို ဆောင်ရွက်လျက် ရှိပါကြောင်း။

သင်ကြားရေး ဆရာ ဆရာမများ၏ အရည်အသွေးမြှင့်တင်နိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများ၊ ညီလာခံများ၊ ရက်တိုလေ့လာရေးခရီးစဉ်များနှင့် နှစ်ရှည် နိုင်ငံခြားပညာတော်သင် စေလွှတ်ခြင်းများ လုပ်ဆောင်ပေးလျက်ရှိပါကြောင်း၊ တက္ကသိုလ်များ အဆင့်မြှင့်တင်နိုင်ရေး အတွက် နိုင်ငံတကာ ပညာသင်ဆုများမှ တစ်ဆင့် နိုင်ငံခြားတက္ကသိုလ်များတွင် ပါရဂူဘွဲ့သင်တန်းတက်ရောက်နိုင်ရေးနှင့် ပါရဂူဘွဲ့ရများ မွေးထုတ်ပေးရေးကိုလည်း ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါကြောင်း။

ပညာရေးဝန်ကြီးဌာန အနေဖြင့် အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေး အာမခံမှုအကဲဖြတ်ကော်မတီကို ဖွဲ့စည်းပြီး အရည်အသွေးအာမခံမှု စနစ်လုပ်ငန်းစဉ်များကို တိုးမြှင့် ဆောင်ရွက်လျက် ရှိပါကြောင်း၊ တက္ကသိုလ်များတွင် Internal Auditing နှင့် External Auditing of ASEAN University Network ၏ "AUN QA Criteria" ကျင့်သုံးလျက် Programme Level နှင့် Institutional Level တို့တွင် အရည်အသွေး အာမခံမှုနှင့် အသိအမှတ်ပြုခြင်းများ ရရှိအောင် ဆောင်ရွက်လျက်ရှိပါကြောင်း။

ကမ္ဘာ့တက္ကသိုလ် အဆင့် သတ်မှတ်ချက် စနစ်ဖြစ်သော Times Higher Education (THE)၏ စံသတ်မှတ်ချက်များ ဖြစ်သည့် 5 Pillars နှင့် 17 Performance Indicators များကို အခြေခံပြီး အခြားနာမည်ကြီး ကမ္ဘာ့တက္ကသိုလ်အဆင့်သတ်မှတ်ချက်တစ်ခုဖြစ်သော QS Asia University Rankings ၏ လက်ရှိ စံသတ်မှတ်ချက် ဖြစ်သော 11 Indicators ကို ပြည့်မီရေး တွန်းအားပေး ဆောင်ရွက်လျက် ရှိပါကြောင်း။

သို့ဖြစ်ပါ၍ ပညာရေးဝန်ကြီး ဌာနအနေဖြင့် ပြည်သူများ မျှော်မှန်းချက်ဖြစ်သည့် မြန်မာ တက္ကသိုလ်များ နိုင်ငံတကာ အဆင့်မီရေးအတွက် "Quality Education၊ Digital Transformation၊ Research & Innovation၊ Internationalization & Quality Assurance" ဟူသော ကဏ္ဍများကို အဓိကထား၍ စဉ်ဆက်မပြတ် မြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည် ဖြေကြားသည်။

မိုးညှင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်း၏ **မိုးညှင်းတက္ကသိုလ်၌ ဘွဲ့နှင်းသဘင်ခန်းမကို မည်သည့်ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးမည်ကို** သိရှိလိုခြင်းမေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က မိုးညှင်း တက္ကသိုလ်သည် ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့ အရှေ့မြောက်ဘက်တွင် တည်ရှိပြီး တက္ကသိုလ်မြေဧရိယာ ဧက ၂၁၀ ကျယ်ဝန်းပါကြောင်း၊ မိုးညှင်း တက္ကသိုလ်တွင် မိုးညှင်းမြို့နယ်၊ မိုးကောင်းမြို့နယ်၊ ဖားကန့်မြို့နယ်ရှိ ကျောင်းသား ကျောင်းသူများ၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ဗန်းမော်ခရိုင်တို့မှ ကျောင်းသား ကျောင်းသူများ တက်ရောက် ပညာသင်ယူလျက် ရှိပါကြောင်း။

မိုးညှင်း ဒီဂရီကောလိပ်မှ မိုးညှင်းတက္ကသိုလ်အဖြစ်သို့ ၂၀၂၀ ပြည့်နှစ်တွင် အဆင့်တိုးမြှင့် ဖွင့်လှစ်ပြီးနောက် ပထမအကြိမ် ဘွဲ့နှင်းသဘင်၊ ဒုတိယအကြိမ် ဘွဲ့နှင်းသဘင်၊ တတိယအကြိမ် ဘွဲ့နှင်းသဘင်နှင့် စတုတ္ထအကြိမ် ဘွဲ့နှင်းသဘင် နေ့သင်တန်း၊ အဝေးသင်သင်တန်း အပိုင်းခွဲ၍ ဘွဲ့နှင်းသဘင် အခမ်းအနားကို အလျား ပေ ၈၀၊ အနံ ပေ ၅၀ အကျယ်ရှိ ဘက်စုံသုံးခန်းမတွင် ကျင်းပပြီး ဘွဲ့များအပ်နှင်းချီးမြှင့် ခဲ့ပါကြောင်း။

တက္ကသိုလ် ဘွဲ့နှင်းသဘင် အဆောက်အအုံသည် တက္ကသိုလ်၏ ဂုဏ်ဒြပ်ဖြစ်သည့်အတွက် ဘက်ပေါင်းစုံမှ စဉ်းစားတွက်ချက်ခြင်း၊ အဆိုပြုနေရာနှင့် အဆိုပြု ပုံစံဒီဇိုင်းများရေးဆွဲပြီး ဦးစားပေး အဆင့်အလိုက် သတ်မှတ်ရွေးချယ်ခြင်းတို့ကို ရေရှည်အကျိုးမျှော်ကိုး၍ အဆင့်ဆင့် စနစ်တကျ တည်ဆောက်ကြရပါကြောင်း။

မိုးညှင်းတက္ကသိုလ် အဆင့်သို့ တိုးမြှင့်ပြီးနောက် တိုးတက်လာသော ကျောင်းသားဦးရေနှင့်အညီ တက္ကသိုလ်အဆင့် ဘွဲ့နှင်းသဘင် အဆောက်အအုံ တည်ဆောက် နိုင်ရေးအတွက် အဆင့်မြင့်ပညာ ဦးစီးဌာနအနေဖြင့် လုပ်ထုံး လုပ်နည်းနှင့်အညီ စိစစ်ကာ ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင်ထည့်သွင်း လျာထားပြီး ဘဏ္ဍာငွေခွဲဝေရရှိမှု အပေါ်မူတည်၍ ဖြည့်ဆည်း ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တောင်တွင်းကြီး မဲဆန္ဒနယ်မှ ဒေါက်တာကျော်ဆွေ၏ **၁၉၈၄ ခုနှစ် ဘာသာရပ်သင် ကိုယ်ပိုင် သင်တန်းဥပဒေကို အမျိုးသားရေး ဥပဒေ၏ မူဝါဒများ၊ နိုင်ငံတကာ စံနှုန်းများ၊ ဒီဂျစ်တယ်သင်ယူမှု ပုံစံများနှင့် ကိုက်ညီစေရန် အသစ်ပြန်လည်ရေးဆွဲပြဋ္ဌာန်းရန် မည်သို့ ဆောင်ရွက်ထားသနည်း နှင့် အနာဂတ်တွင်ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ဘာသာရပ် သင် ကိုယ်ပိုင်သင်တန်းဥပဒေကို ၁၉၈၄ ခုနှစ် အောက်တိုဘာ ၂၂ ရက်တွင် ပြဋ္ဌာန်းခဲ့ပါကြောင်း၊ ၂၀၀၃ ခုနှစ် ဧပြီ ၇ ရက်တွင် ကျင်းပသော မြန်မာနိုင်ငံပညာရေး ကော်မတီ၏ ၁/၂၀၀၃ အစည်း အဝေးဆုံးဖြတ်ချက်အရ ဘာသာ ရပ်သင် ကိုယ်ပိုင်သင်တန်းဆရာ တစ်ဦးသည် ကိုယ်ပိုင်သင်တန်း အများဆုံးသုံးခုအထိ သင်ကြားနိုင် ပြီး ကိုယ်ပိုင်သင်တန်းတစ်ခုလျှင် ကျောင်းသင်ဘာသာရပ် သုံးခု အထိ သင်ကြားနိုင်ပါကြောင်းနှင့် ဘာသာရပ်သင် ကိုယ်ပိုင်သင်တန်း ဥပဒေကို ပြန်လည်စိစစ်ဆဲကာလ တွင် ကျင့်သုံးရန် မူအဖြစ် အခြေခံ ပညာဦးစီးဌာနက ဆက်လက် လိုက်နာ ဆောင်ရွက်နေဆဲဖြစ်ပါ ကြောင်း။

ဘာသာရပ်သင်ဆရာ အရည် အချင်း သတ်မှတ်ချက်အနေဖြင့် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ သို့မဟုတ် ဆရာအတတ်ပညာ သင်တန်းဆင်းလက်မှတ် ရရှိသူ ဖြစ်ရန်လိုအပ်ပြီး ဘွဲ့သင်တန်း နောက်ဆုံးနှစ်တွင် ဖြေဆိုခဲ့သော ဘာသာရပ် သို့မဟုတ် ဆရာ အတတ်ပညာ သင်တန်းတွင် ဖြေဆိုအောင်မြင်ခဲ့သော ဘာသာ ရပ်ကို သင်ကြားရမည်ဖြစ်ပြီး ဆရာကျင့်ဝတ်သိက္ခာနှင့် ကိုက်ညီ ၍ ဘာသာရပ်သင် ကိုယ်ပိုင် သင်တန်းဆရာ မှတ်ပုံတင် လက်မှတ်ရရှိပြီးမှသာ သင်ကြား ခွင့်ရရှိမည်ဖြစ်ပါကြောင်း။

၁၉၈၄ ခုနှစ် ကိုယ်ပိုင်သင်တန်း ဥပဒေတွင်ပါရှိသာ အသုံးအနှုန်း များနှင့် ပြစ်ဒဏ်သတ်မှတ်ချက် ငွေကြေးနှုန်းထားများမှာ ခေတ် ကာလနှင့် လိုက်လျောညီထွေ မရှိခြင်းကြောင့် လိုအပ်ချက်များ ထပ်မံဖြည့်စွက်၍ ပြင်ဆင်နိုင်ရေး အတွက် အခြေခံပညာဦးစီးဌာန က ပြန်လည်စိစစ်လျက်ရှိပါ ကြောင်း၊ အွန်လိုင်းနှင့် ဒီဂျစ်တယ် သင်ကြားရေး စနစ်များကိုလည်း ထည့်သွင်းစိစစ်လျက် ရှိပါကြောင်း၊ ဥပဒေ ပြင်ဆင်ချက်များသည် ယေဘုယျအားဖြင့် မူရင်းဥပဒေ ပြဋ္ဌာန်းချက်များ၏ ထက်ဝက် သို့မဟုတ် သုံးပုံနှစ်ပုံကျော်နေလျှင် ဥပဒေအသစ်အနေဖြင့် ရေးဆွဲရန် ပြဋ္ဌာန်းထားပါသဖြင့် ပညာရေး ဝန်ကြီးဌာန အခြေခံပညာဦးစီး ဌာနက စနစ်တကျစိစစ်ဆောင် ရွက်လျက်ရှိပါကြောင်း ပြန်လည် ဖြေကြားသည်။

ထို့နောက်ကျောက်ပန်းတောင်း မဲဆန္ဒနယ်မှ ဦးဝင်းမြင့်မောင်၏ **"ဝိဇ္ဇာ၊ သိပ္ပံ ဘာသာရပ်အလိုက် ထူးချွန်ကျောင်းသားများ (ဝိဇ္ဇာ ချွန်ဆု/ သိပ္ပံချွန်ဆု) ရွေးချယ်၍ အထူးလေ့ကျင့်ပြုစုပျိုးထောင်ရေး အစီအစဉ်ကိုပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေ (၂၀၀၈ ခုနှစ်) အခန်း(၈) နိုင်ငံသား၊ ပုဒ်မ ၃၆၈ နှင့်အညီ ပြန်လည် အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် ပြည်ထောင်စု အစိုးရအဖွဲ့အား တိုက်တွန်း ကြောင်းအဆို"**ကို တင်သွင်းရာ မတ္တရာမဲဆန္ဒနယ်မှ ဦးလှမြင့်က ထောက်ခံဆွေးနွေးသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက လက်ခံဆွေးနွေးရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော် က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးမည်ဖြစ်ကြောင်း နှင့်ဆွေးနွေးလိုသည့်ကိုယ်စားလှယ် များရှိပါက အမည်စာရင်းတင်သွင်း နိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ဘားအံမဲဆန္ဒနယ် မှ ဦးသက်နိုင်ဦး၏ **"နိုင်ငံသူ နိုင်ငံသား မိဘပြည်သူလူထု တစ်ရပ်လုံး၏ ကျန်းမာရေးဆိုင်ရာ ဝန်ပိနေမှုများကို လျှော့ချပေးနိုင် ရန်အတွက် နိုင်ငံတော်အစိုးရ၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြင်ပလူနာဌာနကြီးများ ထူထောင် ဖွင့်လှစ်ပေးနိုင်ပါရန်နှင့် ရောဂါ ကြီးများအား နိုင်ငံတကာအဆင့်မီ ကုသမှုခံယူနိုင်ရန်အတွက် ဒေသ ဇုန်ကြီးများအလိုက် အဆင့်မြင့် အထူးကုဆေးရုံကြီးများ ထူထောင် ဖွင့်လှစ်ပေးနိုင်ပါရန် တိုက်တွန်း သည့်အဆို"**ကို တင်သွင်းရာ သရက်ချောင်း မဲဆန္ဒနယ်မှ ဦးရဲထွန်းဝင်းက ထောက်ခံ ဆွေးနွေးသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက လက်ခံဆွေးနွေးရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော် က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးမည်ဖြစ်ကြောင်း နှင့်ဆွေးနွေးလိုသည့်ကိုယ်စားလှယ် များရှိပါက အမည်စာရင်းတင်သွင်း နိုင်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့ လွှတ်တော် တတိယပုံမှန်အစည်း အဝေး ၁၃ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို အောက်တို ဘာ ၉ ရက်တွင် ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းအဖွဲ့

## လေကြောင်းလိုင်းများ၏ လေယာဉ်လက်မှတ်ခနှုန်းထားများအား သတ်မှတ်ဈေးနှုန်းထက် ပိုမိုသည့်နှုန်းထားဖြင့် ဝယ်ယူခဲ့ရခြင်း၊ Fake Accounts များမှတစ်ဆင့် ဝယ်ယူခဲ့ရခြင်းများရှိပါက တိုင်ကြားနိုင်

နေပြည်တော် အောက်တိုဘာ ၇

လေကြောင်းလိုင်းများ၏ လေယာဉ်လက်မှတ်ခနှုန်းထားများအား သတ်မှတ်ဈေးနှုန်းထက် ပိုမိုသည့်နှုန်းထားဖြင့် ဝယ်ယူခဲ့ရခြင်း၊ Fake Accounts များမှတစ်ဆင့် ဝယ်ယူခဲ့ရခြင်းများရှိပါက ခရီးသည် အမည်၊ ဝယ်ယူခဲ့သည့်ရက်စွဲ၊ ခရီးစဉ်အချက်အလက်၊ Booking PNR/Ticket အမှတ်၊ ဝယ်ယူခဲ့ရသည့်ဈေးနှုန်းနှင့် ငွေပေးချေသည့် အထောက်အထားစသည့် တိကျသည့်သတင်းအချက်အလက်များနှင့် အတူ သက်ဆိုင်ရာလေကြောင်းလိုင်းများသို့ တိုက်ရိုက်တိုင်ကြားနိုင်ပါကြောင်းနှင့် လေယာဉ်လက်မှတ်ခနှုန်းထားများကို သတ်မှတ်ဈေးနှုန်းထက် ပိုမိုရောင်းချခြင်း၊ Fake Accounts များမှတစ်ဆင့် ရောင်းချခြင်းများတွေ့ရှိရပါက မည်သူမဆို ပြစ်မှုဆိုင်ရာဥပဒေကြောင်းအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း လေကြောင်း ပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနက အသိပေးချက်ထုတ်ပြန်ထားသည်။

သတင်းစဉ်

# ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီး

**နေပြည်တော် အောက်တိုဘာ ၇**

နိုင်ငံတော်အစိုးရ အနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထား ဆောင်ရွက်လျက်ရှိကာ ပြည်တွင်းအင်အားစုများ အပြင် အိမ်နီးချင်း နိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ နိုင်ငံအတွင်း လုံးဝအခြေမချနိုင်သည်အထိ ထိထိရောက်ရောက် ရှာဖွေစစ်ဆေး နှိမ်နင်းခြင်းများကို ဆောင်ရွက်လျက်ရှိရာ KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ လုပ်ကိုင်ခဲ့သည့် တရားမဝင်အဆောက်အအုံများအား အပိုင်း ၃ ပိုင်းခွဲ၍ စနစ်တကျဖြိုချဖျက်ဆီးခဲ့ရာ ဇန်နဝါရီ ၉ ရက်တွင် ရာနှုန်းပြည့် ဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်သည်။

အလားတူ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစား လုပ်ငန်းများလုပ်ကိုင်ခဲ့သည့် တရားမဝင်အဆောက်အအုံ ၁၄၀ လုံးအား အပြီးတိုင် ဖြိုချဖျက်ဆီးခြင်းများကို အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်၍ ဆောင်ရွက်ခဲ့ရာ ပထမပိုင်းအနေဖြင့် အဆောက်အအုံ ၇၇ လုံးအား ဇူလိုင်လ ၂၆ ရက်နေ့တွင် စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်သည်။

ဆက်လက်၍ ဒုတိယပိုင်းအနေဖြင့် ဖြိုချဖျက်ဆီးရန်ကျန် အဆောက်အအုံ ၆၃ လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၂၅ လုံး၊ ဖောက်ခွဲ၍ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၄ လုံးနှင့် လူနေအိမ်များနှင့် မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်းဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၃၄ လုံး ဟူ၍ အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ထပ်မံဖြိုချ ဖျက်ဆီးခြင်းများကို အောက်တိုဘာ ၆ ရက်နေ့မှစ၍ ဆက်လက် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်လျက်ရှိရာ ယာဉ်ယန္တရားများ အသုံးပြု၍ ဖြိုချဖျက်ဆီးရမည့် အဆောက်အအုံများအနက် ၅ထပ်အဆောက်အအုံ ၁လုံးအားဆက်လက်ဖြိုချဖျက်ဆီးခဲ့ရာ ယနေ့အထိ ၄၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီး ဖြစ်ကြောင်းနှင့် ၆ ထပ်အဆောက်အအုံ ၁ လုံးအားလည်း ယမ်းပြင်ယမ်းကပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရ အနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ် အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဖြိုချဖျက်ဆီးရန် ကျန်ရှိသည့် အဆောက်အအုံများအား အမြန်ဆုံး ဖြိုချဖျက်ဆီးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ ၁၀၀




ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများ အား စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးမှု။



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် အဆောက်အအုံများအား ယမ်းပြင်ယမ်းကပ်ခြင်း ဆောင်ရွက်မှုကို တွေ့ရစဉ်။




ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား မဖြိုဖျက်မီ တွေ့ရစဉ်။




ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား ယန္တရားဖြင့် ဖြိုချဖျက်ဆီးမှုကို တွေ့ရစဉ်။

---

✢ တိုင်းဒေသကြီးမှ

ပွဲစဉ်များအဖြစ် အမျိုးသား/အမျိုးသမီး (မီတာ ၅၀၀၀ လမ်းလျှောက်ပြိုင်ပွဲ၊ မီတာ ၂၀၀၀ တားဆီးကျော်ပြေး၊ မီတာ ၄၀၀ တန်းကျော်ပြေး၊ အလျားခုန်နှင့် ကြိုးတပ်သံလုံးပစ်) ပြိုင်ပွဲများကို ယှဉ်ပြိုင်ကြသည်။

အမျိုးသားပြိုင်ပွဲ ပွဲစဉ်များဖြစ်သည့် မီတာ ၂၀၀၀ တားဆီးကျော်ပြေးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ လင်းထက်က စံချိန် 6:36.36 စက္ကန့်ဖြင့် ပထမ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ လှုပီးက စံချိန် 6:42.08 စက္ကန့်ဖြင့် ဒုတိယ၊ ဧရာဝတီတိုင်းဒေသကြီးမှ သော်ဇင်ကိုကိုက စံချိန် 6:57.00 စက္ကန့်ဖြင့် တတိယ၊ မီတာ ၄၀၀ တန်းကျော်ပြေးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ကောင်းမြတ်ဇော်က စံချိန် 58.56 စက္ကန့်ဖြင့် ပထမ၊ မန္တလေးတိုင်းဒေသကြီးမှ ခွန်ကောင်းထက်စံက စံချိန် 59.59 စက္ကန့်ဖြင့် ဒုတိယ၊ ဧရာဝတီတိုင်းဒေသကြီးမှ စောခဲနက်က စံချိန် 61.10 စက္ကန့်ဖြင့် တတိယ၊ အလျားခုန်ပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးမှ ဟိန်းမြတ်ဇော်က စံချိန် 5.87 မီတာဖြင့် ပထမ၊ ဧရာဝတီတိုင်းဒေသကြီးမှ ထက်မြတ်အောင်က စံချိန် 5.66 မီတာဖြင့် ဒုတိယ၊ မကွေးတိုင်းဒေသကြီးမှ ဘုန်းမြတ်ကျော်က စံချိန် 5.46 မီတာဖြင့် တတိယ၊ ကြိုးတပ်သံလုံးပစ်ပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ စောတောဘလူမူးက စံချိန် 41.16 မီတာဖြင့် ပထမ၊ ရှမ်းပြည်နယ်မှ ဟိန်းသူရမိုးက စံချိန် 36.50 မီတာဖြင့် ဒုတိယ၊ မန္တလေးတိုင်းဒေသကြီးမှ ပြည့်ဘုန်းနိုင်က စံချိန် 34.15 မီတာဖြင့် တတိယရရှိခဲ့ကြသည်။

အလားတူ အမျိုးသမီးပြိုင်ပွဲ ပွဲစဉ်များဖြစ်သည့် မီတာ ၅၀၀၀ လမ်းလျှောက်ပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ စုစုထွေးက စံချိန် 29:15.22 စက္ကန့်ဖြင့် ပထမ၊ ရှမ်းပြည်နယ်မှ အိဖြိုးဇင်က စံချိန် 29:31.91 စက္ကန့်ဖြင့် ဒုတိယ၊ ကယားပြည်နယ်မှ ကြယ်ဇင်လင်းက စံချိန် 30:22.88 စက္ကန့်ဖြင့် တတိယ၊ မီတာ ၂၀၀၀ တားဆီးကျော်ပြေးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ဒုံကမ်းက စံချိန် 8:18.60 စက္ကန့်ဖြင့် ပထမ၊ မန္တလေးတိုင်းဒေသကြီးမှ ဝင်းရတနာထွန်းက စံချိန် 8:44.68 စက္ကန့်ဖြင့် ဒုတိယ၊ ရှမ်းပြည်နယ်မှ ဝင်းဝင်းက စံချိန် 9:06.75 စက္ကန့်ဖြင့် တတိယ၊ မီတာ ၄၀၀ တန်းကျော်ပြေးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ချစ်စနိုးဇော်က စံချိန် 67.85 စက္ကန့်ဖြင့် ပထမ၊ ရှမ်းပြည်နယ်မှ နန်းရွှေငွေးက စံချိန် 73.21 စက္ကန့်ဖြင့် ဒုတိယ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ နန်းမေသက်ခိုင်က စံချိန် 75.74 စက္ကန့်ဖြင့် တတိယ၊ အလျားခုန်ပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ မေသက်ခိုင်က စံချိန် 4.64 မီတာဖြင့် ပထမ၊ မွန်ပြည်နယ်မှ သီရိမွန်က စံချိန်4.23 မီတာဖြင့် ဒုတိယ၊ မန္တလေးတိုင်းဒေသကြီးမှ သန္တာလှိုင်က စံချိန် 4.18 မီတာဖြင့် တတိယ၊ ကြိုးတပ်သံလုံးပစ်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ နော်ယမင်းအေးက စံချိန် 38.80 မီတာဖြင့် ပထမ၊ ဧရာဝတီတိုင်းဒေသကြီးမှ နန်းဂျူးဂျူးက စံချိန် 29.83 မီတာဖြင့် ဒုတိယ၊ မကွေးတိုင်းဒေသကြီးမှ ဆုဆုလှိုင်က စံချိန် 28.76 မီတာဖြင့် တတိယ ရရှိကြသည်။

### ကျင်းပသွားမည်

အားကစားရေးရာဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ မျိုးဆက်သစ်ပြေးခုန်ပစ်အားကစားသမားများ ပေါ်ထွက်လာစေရေးနှင့် ပြေးခုန်ပစ်အားကစားနည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ရည်ရွယ်၍ "၂၀၂၆ ခုနှစ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် U-18 ပြေးခုန်ပစ်ပြိုင်ပွဲ" ကို အောက်တိုဘာ ၆ ရက်မှ ၉ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းနှင့် လေ့ကျင့်ရေးကွင်းအမှတ်(၁)တို့တွင် ကျင်းပသွားမည်ဖြစ်ပြီး အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို "အခမဲ့" လာရောက်အားပေးကြည့်ရှုနိုင်ကြောင်း သိရသည်။

သတင်းစဉ်

---

## မိုးကောင်းမြို့နယ် နန့်ခွင်ကျေးရွာတွင် ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**မိုးကောင်း အောက်တိုဘာ ၇**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ မိုးကောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ခု ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရရန်ပုံငွေဖြင့်နန့်ခွင်အုပ်စု၊ နန့်ခွင်ကျေးရွာတွင် စိုက်ပျိုးရေရရှိရေး စက်ရေတွင်းတူးဖော်ခြင်း၊ Mobile Solar နှင့် Solar Pump တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအား အောက်တိုဘာ ၆ ရက် နံနက်ပိုင်းက ခရိုင်နှင့်မြို့နယ်ကျေးလက်ဦးစီးဌာနမှ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးညှင်းခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြသိန်းဝင်း၊ မိုးကောင်းမြို့နယ်ဦးစီးမှူး ဒေါ်ခင်မေဝင်းနှင့် ဝန်ထမ်းများက နန့်ခွင်ကျေးရွာတွင် Mobile Solar နှင့် Solar Pump တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ကုမ္ပဏီတာဝန်ရှိသူများနှင့် ကျေးရွာကော်မတီဝင်များက လုပ်ငန်းဆောင်ရွက်ထားရှိမှုအား လိုက်လံရှင်းလင်းပြသရာ ခရိုင်ဦးစီးမှူးက လုပ်ငန်းများအား သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ကြရန်နှင့် ဆောင်ရွက်ပြီးစီးပါကလည်း ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ချစ်ဦးကို

၀-၀-၀-၀-၀

# နိုင်ငံတကာ အားကစား သတင်းများ



## အင်္ဂလန်အသင်းက ချက်အသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**လန်ဒန် အောက်တိုဘာ ၇**

ယူအီးအက်ဖ်အေနေးရှင်းလိဂ်ပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက အင်္ဂလန်အသင်းနှင့် ချက်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အင်္ဂလန်အသင်းက ချက်အသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ **(အပေါ်ဝဲပုံ)**

အင်္ဂလန်အသင်းအတွက် သွင်းဂိုး သုံးဂိုးကို ပွဲချိန် ၂၇ မိနစ်တွင် ကူဖယ်လ်(OG)၊ ပွဲချိန် ၄၀ မိနစ်နှင့် ၅၇ မိနစ်တွင် ဟယ်ရီကိန်းတို့က အသီးသီး သွင်းယူပေးခဲ့ကြသည်။

အင်္ဂလန်အသင်းသည် ယူအီးအက်ဖ်အေနေးရှင်းလိဂ် ပွဲစဉ်အဖြစ် လာမည့် နိုဝင်ဘာ ၁၃ရက်တွင် ခရိုအေးရှားအသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(NGB)**

## 2026 China Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ Mirra Andreeva တက်ရောက်

**ပေကျင်း အောက်တိုဘာ ၇**

တရုတ်နိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 China Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ ရုရှားတင်းနစ်မယ် Mirra Andreeva တက်ရောက်ခဲ့သည်။

အဆိုပါ ရုရှားတင်းနစ်မယ် Mirra Andreeva သည် 2026 China Open တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်တွင် ယူကရိန်းတင်းနစ်မယ် Daria Snigurအား ၆-၂၊ ၆-၂ ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

2026 China Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ရုရှားတင်းနစ်မယ် Mirra Andreeva နှင့် တစ်နိုင်ငံတည်းနေသူတင်းနစ်မယ် Ekaterina Alexandrova တို့ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။ **(အောက်ပုံ)**

**(NGB)**



## နည်းပြ ဆီမြွန်နီကို စာချုပ်သက်တမ်းတိုးရန် အက်သလက်တီကိုမက်ဒရစ်အသင်း စီစဉ်

**မက်ဒရစ် အောက်တိုဘာ ၇**

အက်သလက်တီကိုမက်ဒရစ်အသင်းသည် အသင်းနည်းပြ ဆီမြွန်နီကို စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိပြီဖြစ်သည်။ **(ယာပုံ)**



အသက်(၅၆)နှစ်အရွယ်ရှိ နည်းပြသည် အက်သလက်တီကိုမက်ဒရစ်အသင်းကို ၂၀၁၁ခုနှစ် ဒီဇင်ဘာ ၂၃ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၈၀၈ပွဲတွင် ၄၇၅ပွဲနိုင်၊ ၁၇၃ပွဲသရေ၊ ပွဲ ၁၆၀ ရှုံးရလဒ်ပိုင်ဆိုင်ခဲ့သလို အောင်မြင်မှုများ ရရှိအောင် စွမ်းဆောင်ထားနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် စီစဉ်လာခြင်းဖြစ်သည်။

အက်သလက်တီကိုမက်ဒရစ်အသင်း၏ ထုတ်ပြန်ချက်တွင် "နည်းပြ ဆီမြွန်နီကို စာချုပ် သက်တမ်းတိုးရန် စီစဉ်နေပါပြီ။ သူဟာ အသင်းအတွက် အကောင်းဆုံး နည်းပြတစ်ဦးပါ။ စာချုပ်ကိစ္စလည်း မကြာမီရက်ပိုင်းအတွင်း အပြီးသတ်နိုင်တော့မှာပါ"ဟု ထုတ်ပြန်သည်။ **(NGB)**

## ဒီလွန်ဖီးလစ် ဟားလ်စီးတီးအသင်းနှင့် ၂၀၂၈ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆို

**လန်ဒန် အောက်တိုဘာ ၇**

ဟားလ်စီးတီးအသင်းသည် အသင်းဂိုးသမား ဒီလွန်ဖီးလစ်ကို ၂၀၂၈ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ဂိုးသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေခြင်းကြောင့် ဟားလ်စီးတီးအသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။



ဂိုးသမား ဒီလွန်ဖီးလစ်သည် ဟားလ်စီးတီးအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ခုနစ်ပွဲကစားပြီး အကောင်းဆုံး လက်စွမ်းပြထားသည်။

အသက်(၃၁)နှစ်အရွယ်ရှိ ဒီလွန်ဖီးလစ်က "ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ ဒီအသင်းနဲ့အတူ အောင်မြင်မှုတွေလည်း ရယူသွားချင်ပါသေးတယ်။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်"ဟု ပြောသည်။ **(ဝဲပုံ)**

**(NGB)**

## ကီနန်ယီဒက်ဇ်ကို ယူရိုသန်း ၁၀၀ ဖြင့် ကမ်းလှမ်းရန် အာဆင်နယ်အသင်းစီစဉ်

**လန်ဒန် အောက်တိုဘာ ၇**

အာဆင်နယ်အသင်းသည် ဂျူဗင်တပ်အသင်း ကွင်းလယ်တိုက်စစ်ကစားသမား ကီနန်ယီဒက်ဇ်ကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။ **(ယာပုံ)**




အသက်(၂၁)နှစ်အရွယ်ရှိ ကွင်းလယ်တိုက်စစ်ကစားသမားသည် ဂျူဗင်တပ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၃၂ ပွဲကစားပြီး ၂၇ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အာဆင်နယ်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

ကွင်းလယ်တိုက်စစ်ကစားသမား ကီနန်ယီဒက်ဇ်ကိုယ်တိုင်ကလည်း ပရီးမီးယားလိဂ်သို့ ပြောင်းရွှေ့ကစားလိုကြောင်း ထုတ်ဖော်ပြောကြားထားသည်။

အာဆင်နယ်အသင်း အနေဖြင့် ဆောင်းရာသီဈေးကွက်အတွင်းတွင် ဂျူဗင်တပ်အသင်းမှ ကီနန်ယီဒက်ဇ်ကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(NGB)**

## ဘောလုံးသတင်းအတိုအထွာများ

* ကာတာကလပ် အယ်လ်ဆိုင်လီယာအသင်းသည် အသင်းလက်မဲ့ဖြစ်နေသော ဝါရင့်တိုက်စစ်မှူးဟောင်း ဟိုဆေးလူကို ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့သည်။
* ဘုန်းမောက်အသင်းသည် ဝုဖ်အသင်း ကွင်းလယ်ကစားသမား ဖာလိုပက်ဇ်ကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

**(NGB)**



## တောင်ကိုရီးယားအသင်း သမိုင်းတစ်လျှောက် ဂိုးအများဆုံးသွင်းယူနိုင်သူအဖြစ် ဆွန်ဟောင်မင် မှတ်တမ်းဝင်

**ဆိုးလ် အောက်တိုဘာ ၇**



တောင်ကိုရီးယားအသင်း တိုက်စစ်မှူး ဆွန်ဟောင်မင်သည် အသင်းသမိုင်းတစ်လျှောက် ဂိုးအများဆုံးသွင်းယူနိုင်သည့် ကစားသမားအဖြစ် စံချိန်မှတ်တမ်းဝင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် နိုင်ငံတကာခြေစမ်းပွဲစဉ်အဖြစ် တောင်ကိုရီးယားအသင်းက ဥဇဘက်ကစ္စတန်အသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုး တစ်ဂိုး သွင်းယူပေးပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဆွန်ဟောင်မင်သည် တောင်ကိုရီးယားအသင်းနှင့်အတူ နိုင်ငံတကာပွဲပေါင်း ၅၁ ပွဲကစားကာ ၅၉ ဂိုးသွင်းယူနိုင်ခဲ့သည်။

အသက်(၃၄)နှစ်အရွယ်ရှိ ဆွန်ဟောင်မင်က "ကျွန်တော် အခုလို မှတ်တမ်းတစ်ရပ်ကို ပိုင်ဆိုင်နိုင်လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို မှတ်တမ်းတွေအပြင် အဖိုးတန်သွင်းဂိုးတွေ ဆက်လက်သွင်းယူနိုင်ဖို့ ကြိုးစားသွားမှာပါ"ဟု ပြောသည်။ **(အပေါ်ပုံ)**

**(NGB)**

## ယူအီးအက်ဖ်အေနေးရှင်းလိဂ်သမိုင်းတွင် ခုနစ်ပွဲဆက်ဂိုးသွင်းနိုင်သည့် ကစားသမားအဖြစ် ဗစ်တာဂျိုကာရက်စ် မှတ်တမ်းဝင်

**လန်ဒန် အောက်တိုဘာ ၇**



ဆွီဒင်အသင်းတိုက်စစ်မှူး ဗစ်တာဂျိုကာရက်စ်သည် ယူအီးအက်ဖ်အေနေးရှင်းလိဂ်သမိုင်းတွင် ခုနစ်ပွဲဆက်ဂိုးသွင်းယူနိုင်သည့် ပထမဆုံးကစားသမားအဖြစ် စံချိန်မှတ်တမ်းဝင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ယူအီးအက်ဖ်အေနေးရှင်းလိဂ်ပွဲစဉ်အဖြစ် ဆွီဒင်အသင်းက ရိုမေးနီးယားအသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် အဖိုးတန်သွင်းဂိုး သွင်းယူခဲ့ပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဗစ်တာဂျိုကာရက်စ်သည် ဆွီဒင်အသင်းနှင့်အတူ ၂၀၁၉ မှ ၂၀၂၆ ခုနှစ်အထိ ပြိုင်ပွဲပေါင်း ၄၁ ပွဲ ကစားကာ ၂၅ ဂိုး သွင်းယူထားသည်။

ထို့ကြောင့် အသက်(၂၈)နှစ်အရွယ်ရှိ ဗစ်တာဂျိုကာရက်စ်သည် နောက်ထပ်လာမည့် နိုင်ငံတကာပွဲစဉ်တိုင်းတွင်လည်း ဆွီဒင်အသင်းနှင့်အတူ သွင်းဂိုးများ ဆက်လက်သွင်းယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည် ဖြစ်သည်။

**(အပေါ်ပုံ) (NGB)**

## ဇာဂါရာ ခြေသလုံးကြွက်သားဒဏ်ရာကြောင့် တစ်လခန့် အနားယူရဖွယ်ရှိ

**တူရင် အောက်တိုဘာ ၇**

အီတလီအသင်း ကွင်းလယ်တိုက်စစ်ကစားသမား ဇာဂါရာသည် ခြေသလုံးကြွက်သားဒဏ်ရာကြောင့် တစ်လခန့် အနားယူရဖွယ်ရှိနေသည်။

အဆိုပါ ကွင်းလယ်တိုက်စစ်ကစားသမားသည် ယူအီးအက်ဖ်အေ နေးရှင်းလိဂ်ပွဲစဉ်အဖြစ် အီတလီအသင်းက တူရကီအသင်းကို သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။ **(ဝဲပုံ)**

ကွင်းလယ်တိုက်စစ်ကစားသမား ဇာဂါရာသည် ဒဏ်ရာနှင့်ရင်ဆိုင်ခဲ့ရခြင်းကြောင့် အီတလီအသင်းအတွက်သာမက ကလပ်အသင်းဖြစ်သည့် နာပိုလီအသင်းအတွက်လည်း ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၃)နှစ်အရွယ်ရှိ ကွင်းလယ်တိုက်စစ်ကစားသမား ဇာဂါရာသည် ၂၀၂၆ ခုနှစ်အတွင်း အီတလီအသင်းတွင် စတင်ရွေးချယ်ခြင်းခံခဲ့ရပြီး အကောင်းဆုံး ခြေစွမ်းပြထားသည်။ **(NGB)**

# ကျောက်ဆည်မြို့နယ် ရွှေသာလျောင်းတောင်ပေါ်ရှိ ကျောက်သေတ္တာစေတီ ပြုပြင်ကြံ့ခိုင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မန္တလေး အောက်တိုဘာ ၇**

၂၀၂၅ ခုနှစ်၊ မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် တိမ်းစောင်းခဲ့သည့် ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်ရှိ ရွှေသာလျောင်းတောင်ပေါ်ရှိ ကျောက်သေတ္တာစေတီအား ပြုပြင်ကြံ့ခိုင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောက်သေတ္တာစေတီအား ပြုပြင်ကြံ့ခိုင်ရေးလုပ်ငန်းများကို ဆောင်ရွက်နေသည့်(MHPD) ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး(MHPD)မှ တာဝန်ရှိသူများက တိုင်းတာတွက်ချက်ပြီး လုပ်ငန်းအပိုင်းအလိုက် ဆောင်ရွက်နေမှုများ၊ ပြီးစီးမှုများနှင့်ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များအပေါ် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်အဆင့်ဆင့်အား အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်သွားရေးနှင့် လုပ်ငန်းခွင်အတွင်း အန္တရာယ်ကင်းရှင်းရေး အလေးထားကာ စနစ်တကျကြပ်မတ်ဆောင်ရွက်သွားရန်တို့ကို မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

၀-၀-၀-၀-၀



# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် စိုက်ပျိုးရေး၊ မွေးမြူရေးကိုအခြေခံ၍ မိတ္ထီလာခရိုင်နှင့် ရမည်းသင်းခရိုင်တို့တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးနှင့် အထူးဖွံ့ဖြိုးရေးဒေသအဖြစ် အကောင်အထည်ဖော်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၆)သို့ တက်ရောက်

**မန္တလေး အောက်တိုဘာ ၇**

စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံ၍ မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင်တို့တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးနှင့် အထူးဖွံ့ဖြိုးရေးဒေသအဖြစ် အကောင်အထည်ဖော်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၆)ကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများမှ ညွှန်ကြားရေးမှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



အစည်းအဝေး၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် နေပြည်တော်အားဗဟိုပြုပြီး မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင်တို့တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံ၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်ရန်နှင့် အထူးဖွံ့ဖြိုးရေးဒေသအဖြစ် လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ မူဝါဒများနှင့်အညီ အောင်မြင်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ လက်ရှိဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍများတွင် ရည်မှန်းချက်ပန်းတိုင်ပြည့်မီရေးနှင့် MSME လုပ်ငန်းများ အပါအဝင် ကဏ္ဍများအလိုက်တိုးတက်စေရေးသာမက လယ်ယာကဏ္ဍ၊စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍ ကဏ္ဍကြီး(၃)ရပ်တို့တွင် ဂျီဒီပီတိုးတက်မှုနှုန်းမြင့်တက်လာရေး အလေးထားကာ ထိရောက်အောင်မြင်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ကြုံတွေ့လာနိုင်သည့် အပူချိန်လွန်ကဲခြင်း၊ မိုးခေါင်ရေရှားခြင်းနှင့် ရာသီဥတုမမှန်ခြင်းများအပေါ် ထည့်သွင်းတွက်ချက်ကာ စိုက်ပျိုးရေနှင့် သောက်သုံးရေအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရမည်ဖြစ်ပါကြောင်းနှင့် ယခုအစည်းအဝေးမှ ပိုင်းဝန်းဆွေးနွေးအကြံပြုချက်များအား အောင်မြင်အောင် ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ငင်းနောက် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက မိတ္ထီလာခရိုင်နှင့် ရမည်းသင်းခရိုင်တို့တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSME လုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက်ဆောင်ရွက်နေမှု၊ ဆောင်ရွက်ပြီးစီးမှု၊ အတွေ့အကြုံများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ သက်ဆိုင်ရာဝန်ကြီးများက ရှင်းလင်းတင်ပြမှုများအပေါ် ဖြည့်စွက်ဆွေးနွေးပြောကြားပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြမှုများနှင့် ဖြည့်စွက်ဆွေးနွေးချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး၍ နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

# ပင်းတယမြို့နယ်တွင် ထောပတ်သီးများ စတင်ခူးဆွတ်ရောင်းချ

**မန္တလေး အောက်တိုဘာ ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ပေါ်ရပ်ကွက် (၁၃) ရပ်ကွက်နှင့် ကျေးရွာအုပ်စု (၂၇)အုပ်စု၊ ကျေးရွာ ၁၃၇ ရွာရှိ အိမ်ခြံမြေများနှင့် စိုက်ပျိုးရေးခြံများတွင် စိုက်ပျိုးထားသော နှစ်ရှည်သီးနှံပင်ဖြစ်သည့် ထောပတ်သီးပင်များမှ ထောပတ်သီးများကို အောက်တိုဘာလ ပထမပတ်တွင် စတင်ခူးဆွတ်ရောင်းချလျက်ရှိကြောင်း သိရသည်။

အဆိုပါ အိမ်ခြံမြေနှင့်စိုက်ပျိုးရေးခြံများတွင် အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ထောပတ်သီးများ ရင့်မှည့်လာပြီဖြစ်သောကြောင့် အရွယ်အစားအလိုက် တစ်လုံးလျှင် ငွေကျပ် ၅၀၀ မှ ၂၀၀၀ ဈေးနှုန်းဖြင့် ခူးဆွတ်တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ထောပတ်သီးပင်များကို မိမိတို့အိမ်တွင်းစားသုံးရန်နှင့် စိုက်ပျိုးရေးခြံများ၌ စီးပွားဖြစ်စိုက်ပျိုးထားလေ့ရှိကြပြီး ယခုကဲ့သို့ ထောပတ်သီးများ ရင့်မှည့်လာချိန်တွင် ခူးဆွတ်ရောင်းချလျက်ရှိကြောင်းနှင့် ဓနုဒေသ ပင်းတယမြို့ ရှေးဟောင်းသမိုင်းဝင် ရွှေဥမင်သဘာဝလိုဏ်ဂူတော်ဘုရား ယာဉ်ရပ်နားစခန်းရှိ ဒေသထွက် သစ်သီးဝလံအမျိုးမျိုး ရောင်းချလျက်ရှိသည့် အရောင်းဆိုင်များ၌လည်း ဒေသခံပြည်သူများနှင့် ဘုရားဖူးဧည့်သည်များ ဝယ်ယူစားသုံးနိုင်ရန် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

(ယာပုံ)

(၃၃၈)

၀-၀-၀-၀-၀


MANDALAY

- မန္တလေးမြို့တော် သန့်ရှင်းရမည်။
- မန္တလေးမြို့တော် သာယာလှပရမည်။
- မြို့တော်နေလူထု စိတ်ချမ်းသာရမည်။





သင့်
ကျန်းမာရေးအတွက်
နေ့စဉ်
လမ်းလျှောက်ပါ။

# မဟာမုနိဘုရားကြီးအား နေ့စဉ်ကပ်လှူပူဇော်သည့် ခြုံထည်အလှူတော်ကို ဖုန်း(သို့မဟုတ်)အွန်လိုင်းမှတစ်ဆင့် ဆက်သွယ်လှူဒါန်းနိုင်

**မန္တလေး အောက်တိုဘာ ၇**

မန္တလေးမြို့ မဟာမုနိဘုရားကြီးအား နေ့စဉ်ကပ်လှူပူဇော်လျက်ရှိသည့် ခြုံထည်အလှူတော်အတွက် ပါဝင်လှူဒါန်းလိုသောအလှူရှင်များအနေဖြင့် လူကိုယ်တိုင်လာရောက်မလှူဒါန်းနိုင်ပါက မဟာမုနိဂေါပကအဖွဲ့သို့ ဖုန်း(သို့မဟုတ်)အွန်လိုင်းမှတစ်ဆင့် ကြိုတင်ဆက်သွယ်၍ ပါဝင်လှူဒါန်းနိုင်ကြောင်း မဟာမုနိဘုရားကြီးဂေါပကအဖွဲ့မှ သိရသည်။




ခြုံထည်အလှူတော်ကို တစ်ထည်လျှင် ငွေကျပ် တစ်သိန်းသုံးသောင်းဖြင့် ပါဝင်လှူဒါန်းနိုင်ပြီး မဟာမုနိဘုရားကြီး၏ ရှေ့တော်အလှူခံဌာနသို့ လူကိုယ်တိုင်သွားရောက်၍ ဖြစ်စေ၊ ဖုန်း(သို့မဟုတ်)အွန်လိုင်း(Viber)ဖြင့် ဖုန်းနံပါတ် ၀၉-၇၅၅၅၀၀၀၁၆ သို့ ဆက်သွယ်၍ဖြစ်စေ ငါးရက်ကြိုတင်စာရင်းပေးသွင်းကာ တစ်လ ကြိုတင်ဆက်သွယ်လှူဒါန်းနိုင်ပြီး ဖုန်းဖြင့်ဆက်သွယ်လှူဒါန်းလိုသူများအနေဖြင့် နံနက် ၉ နာရီမှ ညနေ ၄ နာရီအတွင်း ဆက်သွယ်လှူဒါန်းနိုင်သည်။

ဖုန်း(သို့မဟုတ်)အွန်လိုင်း(Viber)မှတစ်ဆင့် လှူဒါန်းလိုပါက မဟာမုနိဂေါပကအဖွဲ့၏ K-pay QR-Code (NYA CHONE THIN GANN)ကို Scan ဖတ်၍ K-Pay စနစ်ဖြင့် ပေးပို့လှူဒါန်းနိုင်ပြီး လှူဒါန်းပြီးစီးပါက Screen shot နှင့်တကွ ခြုံထည်ပေါ်တွင် ရေးသားမည့် အလှူရှင်အမည်နှင့် ကပ်လှူမည့် ရက်စွဲတို့ကို ဖုန်းနံပါတ် ၀၉-၇၅၅၅၀၀၀၁၆ ၏ Viber သို့ ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။ ခြုံထည်သင်္ကန်းများ ဆက်ကပ်လှူဒါန်းရာတွင် Online ဖြင့် လက်ခံရာ၌ မဟာမုနိဘုရားကြီး၏ တရားဝင်လူမှုကွန်ရက်စာမျက်နှာများ (Social Media Accounts) ဖြစ်ကြသည့် (Facebook Page - မဟာမုနိဘုရားကြီးဂေါပကအဖွဲ့)၊ (TikTok Account- Mahamuni Pagoda Trustees)နှင့် (Viber ၀၉-၇၅၅၅၀၀၀၁၆ တို့တွင်သာ ဆက်သွယ်လှူဒါန်းကြရန်နှင့် အဆိုပါ Account များမှလွဲ၍ ကျန် Account များမှာ မဟာမုနိဘုရားကြီးဂေါပကအဖွဲ့နှင့် သက်ဆိုင်ခြင်းမရှိကြောင်း မဟာမုနိဂေါပကအဖွဲ့မှ အသိပေးကြေညာထားကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၅)



# သိုလှောင်ရုံစနစ်အပေါ် ကာလတိုချေးငွေထုတ်ပေးမည့် ဘဏ်များကို MRF ဖိတ်ခေါ်

**မန္တလေး အောက်တိုဘာ ၇**

သိုလှောင်ရုံများတွင် သီးနှံကုန်စည်အပ်နှံထားမှုအပေါ် အခြေခံ၍ ကာလတို ခြောက်လမှ ကိုးလအထိ သက်တမ်းရှိ ချေးငွေများကို သင့်တင့်မျှတသော ဘဏ်တိုးနှုန်းဖြင့် ထုတ်ချေးပေးမည့် ဘဏ်များအနေဖြင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်(MRF)နှင့် လုပ်ငန်းပူးပေါင်းဆောင်ရွက်နိုင်ကြောင်း ဖိတ်ခေါ်ထားသည်။

ဆန်စပါးအပါအဝင် သီးနှံစိုက်ပျိုးထုတ်လုပ်သည့် နိုင်ငံများတွင် တောင်သူများ၏ ဝင်ငွေလျော့နည်းမှုမဖြစ်စေရန် သတ်မှတ်ထားသည့် သိုလှောင်ရုံများတွင် သီးနှံအပ်နှံမှုအပေါ် ကုန်လက်ခံပြေစာထုတ်ပေးပြီး အဆိုပါပြေစာကို အာမခံ (သို့မဟုတ်) အပေါင်အဖြစ်ထားရှိကာ ကာလတိုချေးငွေ ထုတ်ချေးပေးသည့်စနစ်ကို အသုံးပြုကြောင်း MRF က ဆိုသည်။

ယင်းစနစ်အရ သီးနှံဈေးကောင်းရရှိချိန်တွင် ပြန်လည်ရောင်းချပြီး ချေးငွေပြန်လည်ပေးဆပ်နိုင်သည့်အတွက် တောင်သူများအတွက် အကျိုးရှိနိုင်သည်။

MRFအနေဖြင့် သိုလှောင်ရုံကုန်အပ်လက်မှတ်ကို အခြေခံသည့် ငွေကြေးထောက်ပံ့မှုစနစ် ဖော်ဆောင်နိုင်ရေးအတွက် နိုင်ငံတော်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ လမ်းညွှန်မှုများနှင့်အညီ လုပ်ငန်းပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ယခုနှစ် စပါးလှိုင်လှိုင်ပေါ်ချိန်ဖြစ်သည့် နိုဝင်ဘာနှင့် ဒီဇင်ဘာလများတွင် MyRO စနစ်၌ မှတ်ပုံတင်ထားသည့် သိုလှောင်ရုံ ၅၈၈၆ ရုံအနက် အခြောက်ခံစက်များနှင့် သတ်မှတ်ချက်များ၊ လိုအပ်ချက်များနှင့် ကိုက်ညီသည့် သိုလှောင်ရုံများတွင် အဆိုပါစနစ်ကို စတင်ဆောင်ရွက်ရန် စီစဉ်ထားသည်။

ထို့ကြောင့် ပူးပေါင်းပါဝင်ဆောင်ရွက်လိုသည့် သိုလှောင်ရုံလုပ်ငန်းရှင်များအနေဖြင့် ၂၀၂၆ ခုနှစ် အောက်တိုဘာလအတွင်း အမြန်ဆုံးဆက်သွယ်၍ ပူးပေါင်းဆောင်ရွက်ကြရန် MRF က ဖိတ်ခေါ်ထားသည်။

တောင်သူများအနေဖြင့်လည်း တစ်ဦးချင်းအပ်နှံခြင်းထက် စနစ်တကျစုဖွဲ့၍ စုပေါင်းဆောင်ရွက်ခြင်း၊ သမဝါယမအသင်းအဖွဲ့ပုံစံဖြင့် ဖွဲ့စည်းဆောင်ရွက်ခြင်းတို့ ပြုလုပ်နိုင်ပါက ပိုမိုထိရောက်အကျိုးရှိနိုင်သဖြင့် လိုအပ်သည့်အကူအညီများကို MRF အနေဖြင့် ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ) ရွှေမန်း




# စက်တင်ဘာတွင် မြန်မာ့ဆန်တန်ချိန် ၁၂၃၃၈၅ တန် ပြည်ပတင်ပို့၊ ဖိလစ်ပိုင် အများဆုံးဝယ်ယူ

**မန္တလေး အောက်တိုဘာ ၇**

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလအတွင်း မြန်မာနိုင်ငံမှ ဆန်တန်ချိန် ၁၂၃၃၈၅ တန် ပြည်ပသို့ တင်ပို့ခဲ့ပြီး ဖိလစ်ပိုင်နိုင်ငံက တန်ချိန် ၅၈၃၆၀ တန်ဖြင့် အများဆုံးဝယ်ယူခဲ့ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်(MRF)၏ စာရင်းများအရ သိရသည်။

စက်တင်ဘာလအတွင်း မြန်မာ့ဆန်ကို ဖိလစ်ပိုင်ပြီးနောက် ဘယ်လ်ဂျီယံနိုင်ငံသို့ တန်ချိန် ၂၉၈၇၅ တန်၊ တရုတ်နိုင်ငံသို့ ၁၇၄၅၆ တန်၊ ပိုလန်နိုင်ငံသို့ ၄၉၆၆ တန်၊ ပါပူဝါနယူးဂီနီနိုင်ငံသို့ ၃၂၄၂ တန်၊ ချက်သမ္မတနိုင်ငံသို့ ၂၇၅၆ တန် အသီးသီး တင်ပို့ခဲ့သည်။

ထို့ပြင် နယ်သာလန်နိုင်ငံသို့ ၁၈၇၀ တန်၊ ယူနိုက်တက်ကင်းဒမ်းသို့ ၁၅၅၀ တန်၊ စပိန်နိုင်ငံသို့ ၇၅၀ တန်၊ လစ်သူယေးနီးယားနိုင်ငံသို့ ၅၅၀ တန်နှင့် အခြားနိုင်ငံ ၁၁ နိုင်ငံသို့ စုစုပေါင်း ၂၀၁၀ တန် တင်ပို့ခဲ့သည်။

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဧပြီလမှ စက်တင်ဘာလအထိ မြန်မာနိုင်ငံ၏ ဆန်ပြည်ပတင်ပို့မှုမှာ စုစုပေါင်း တန်ချိန် ၉၇၁၆၆၂ တန် ရှိပြီး ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၃၃၈ သန်း ရရှိထားကြောင်း MRF ၏ စာရင်းတွင် ဖော်ပြထားသည်။

အဆိုပါကာလအတွင်း လစဉ်ဆန်တင်ပို့မှုမှာ ဧပြီလတွင် ၁၆၉၅၅၉ တန်၊ မေလတွင် ၁၃၆၂၆၂ တန်၊ ဇွန်လတွင် ၂၂၃၇၁၄ တန်၊ ဇူလိုင်လတွင် ၁၇၀၁၉၅ တန်၊ ဩဂုတ်လတွင် ၁၄၈၅၄၈ တန်နှင့် စက်တင်ဘာလတွင် ၁၂၃၃၈၅ တန် အသီးသီးရှိခဲ့သည်။

ပို့ကုန်ဝင်ငွေအနေဖြင့် ဧပြီလတွင် ဒေါ်လာ ၅၁ သန်း၊ မေလတွင် ၄၂ သန်း၊ ဇွန်လတွင် ၇၅ သန်း၊ ဇူလိုင်လတွင် ၆၄ သန်း၊ ဩဂုတ်လတွင် ၅၉ သန်းနှင့် စက်တင်ဘာလတွင် ၄၇ သန်း ရရှိခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ) ရွှေမန်း

# အနောက်တောင်မုတ်သုံလေ မြန်မာတစ်နိုင်ငံလုံးမှ လုံးဝဆုတ်ခွာ

**မန္တလေး အောက်တိုဘာ ၇**

၂၀၂၆ ခုနှစ် မိုးရာသီ၏ အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံတစ်ဝန်းလုံးမှ လုံးဝဆုတ်ခွာသွားပြီဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အောက်တိုဘာ ၆ ရက်တွင် ထုတ်ပြန်သည်။

အနောက်တောင်မုတ်သုံလေသည် စက်တင်ဘာ ၁၅ ရက်တွင် မြန်မာနိုင်ငံမြောက်ပိုင်းဒေသများမှ စတင်ဆုတ်ခွာခဲ့ပြီး စက်တင်ဘာ ၂၅ ရက်တွင် အလယ်ပိုင်းဒေသများ၊ အောက်တိုဘာ ၂ ရက်တွင် မြစ်ဝကျွန်းပေါ်ဒေသများမှ အသီးသီးဆုတ်ခွာခဲ့သည်။

အောက်တိုဘာ ၆ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး အပါအဝင် ကျန်ဒေသများမှပါ ဆုတ်ခွာသွားသဖြင့် မြန်မာတစ်နိုင်ငံလုံးမှ အနောက်တောင်မုတ်သုံလေ လုံးဝဆုတ်ခွာသွားခြင်း ဖြစ်သည်။

မုတ်သုံလေဆုတ်ခွာနေသည့်ကာလအတွင်း ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့တွင် အောက်တိုဘာ ၅ ရက်က အမြင့်ဆုံးအပူချိန် ၃၆ ဒီဂရီဆဲလ်စီးယပ်စ် (၉၆ ဒသမ ၈ ဒီဂရီဖာရင်ဟိုက်)အထိ မြင့်တက်ခဲ့ပြီး အောက်တိုဘာလအတွက် နှစ်ပေါင်း ၂၅ နှစ်အတွင်း အမြင့်ဆုံးအပူချိန် စံချိန်သစ် ဖြစ်ပေါ်ခဲ့ကြောင်း မိုးဇလက ထုတ်ပြန်ထားသည်။

ဖျာပုံမြို့၏ ယခင်အောက်တိုဘာလ အမြင့်ဆုံးအပူချိန်မှာ ၂၀၁၁ ခုနှစ် အောက်တိုဘာ ၂၈ ရက်က မှတ်တမ်းတင်ခဲ့သည့် ၃၅ ဒသမ ၉ ဒီဂရီဆဲလ်စီးယပ်စ် (၉၆ ဒသမ ၆ ဒီဂရီဖာရင်ဟိုက်)ဖြစ်ပြီး ယခုနှစ်တွင် ၀ ဒသမ ၁ ဒီဂရီ ဆဲလ်စီးယပ်စ် မြင့်တက်ကာ စံချိန်သစ်တင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

ရွှေမန်း





# ရဲထွင့်ကျော်နှင့် တေးသံရှင်များ ပါဝင်ဖျော်ဖြေမည့် MCDC အမှိုက်ခွဲခြားစွန့်ပစ်ရေး အသိပညာပေးပွဲ

**မန္တလေး အောက်တိုဘာ ၇**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (MCDC)၏ အမှိုက်စနစ်တကျခွဲခြားစွန့်ပစ်ရေး အသိပညာပေးအစီအစဉ် (၁၂) ကြိမ်မြောက်ပွဲကို အောက်တိုဘာ ၈ ရက် နံနက်ပိုင်းတွင် ချမ်းအေးသာစံမြို့နယ်၊ လမ်း ၆၀၊ ၂၉လမ်းနှင့် ၃၀လမ်းကြားရှိ အ.ထ.က (၅)ကျောင်း၌ ကျင်းပမည် ဖြစ်သည်။

အဆိုပါ အစီအစဉ်တွင် နိုင်ငံကျော်အဆိုတော် ရဲထွင့်ကျော်နှင့်အတူ တေးသံရှင် ခိုင်ဇင်လင်း၊ ယွန်းမီ၊ ထက်ထက်၊ နော်ထူးနှင့် Bees Poison Dance အဖွဲ့တို့က ပါဝင်ဖျော်ဖြေမည် ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)

# စိုက်ပျိုးမွေးမြူရေးအတွက် ဆိုလာရေတင်စနစ်



မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အဓိကထား၍ လုပ်ကိုင်နေသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်နေပြည်သူများဖြစ်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ကိုင်ကြသူများဖြစ်ကြသည်။ ထို့အတူ နိုင်ငံတစ်ဝန်းလုံး၌လည်း နှစ်စဉ် စိုက်ပျိုးမြေ ဧကပေါင်း သန်း ၃၀ ခန့်တွင် နွေသီးနှံနှင့် မိုးသီးနှံများကို စိုက်ပျိုးထုတ်လုပ်လျက်ရှိကြသည်။

ထိုသို့ စိုက်ပျိုးထုတ်လုပ်ရာတွင် အဓိကအားဖြင့် မိုးရေနှင့် ဆည်ရေတို့ကိုသာ အဓိကထား စိုက်ပျိုးနေကြသည့်အပြင် လျှပ်စစ်ရေတင်စနစ်နှင့်လည်း ရေသွင်း၍ စိုက်ပျိုးနေကြသည်ဖြစ်သည်။ မိုးရေကို အဓိကထား စိုက်ပျိုးနေရသည့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် မိုးကောင်းမှသာ အောင်ရေရနိုင်သည့် အခြေအနေရှိပြီး မိုးနည်းသည့်နှစ်များတွင် စိုက်ပျိုးရေရရှိနိုင်ရန် ဖြည့်စွက်ရေအနေဖြင့် ဆည်ရေ၊ မြစ်ရေတင်စနစ်၊ အခြားရေရရှိရေး နည်းလမ်းများဖြင့် ရေကိုထပ်မံဖြည့်သွင်း စိုက်ပျိုးနေကြရကြောင်း သိရသည်။ ထိုသို့ စိုက်ပျိုးရေးအတွက် ဆောင်ရွက်ရာတွင် လျှပ်စစ်၊ လောင်စာဆီ၊ သဘာဝနေရောင်ခြည်သုံး၊ ဆိုလာစွမ်းအင်သုံးလျှပ်စစ်များကို အသုံးပြုနေရပါသည်။

ထိုသို့ လျှပ်စစ်ရရှိရေးလုပ်ဆောင်ရာ၌ လျှပ်စစ်ဓာတ်အားသည် နေရာတိုင်းရရှိရန် အခက်အခဲရှိသကဲ့သို့ လောင်စာဆီသည်လည်း ဈေးနှုန်းမြင့်တက်မှုများ ရှိနေခြင်း၊ နိစ္စဓူဝငွေကုန်ခြင်းများကြောင့် သဘာဝနေရောင်ခြည်မှ လျှပ်စစ်ရရှိနိုင်မည့် ဆိုလာစွမ်းအင်ဖြင့် လျှပ်စစ်ထုတ်လုပ်အသုံးပြုခြင်းသည်သာ အသင့်တော်ဆုံးဖြစ်သည်ကို တောင်သူအများစုက နားလည်လက်ခံလာနေကြပြီလည်း ဖြစ်သည်။ ဆိုလာစွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်အသုံးပြုခြင်းသည် မြန်မာနိုင်ငံအနေဖြင့် တစ်နှစ်လျှင် ပျမ်းမျှရက်ပေါင်း ၂၀၀ မှ ၂၅၀ အတွင်း နေသာခြင်း၊ နေရာဒေသမရွေး ဆောင်ရွက်နိုင်ခြင်း၊ ငွေကုန်ကြေးကျများသော်လည်း တစ်ကြိမ်တည်း ကုန်ကျရုံဖြင့် နှစ်ပေါင်းများစွာအတွက် ကုန်ကျမှုမရှိနိုင်တော့ခြင်းကြောင့် ယင်းနေရောင်ခြည်သုံး ဆိုလာစွမ်းအင်ဖြင့် လျှပ်စစ်အားထုတ်လုပ်အသုံးပြုခြင်းကိုသာ ယခုအခါ ရွေးချယ်လာကြပြီဖြစ်သည်။ တောင်သူများအနေဖြင့်လည်း ယခင်ကလျှပ်စစ်၊ ဒီဇယ်အင်ဂျင်များ အသုံးပြု၍ ရေသွင်းစိုက်ပျိုးနေခဲ့ရာမှ လက်ရှိအချိန်တွင် သဘာဝနေရောင်ခြည်စွမ်းအင်သုံးဆိုလာဖြင့် ထုတ်လုပ်သည့် လျှပ်စစ်ကို အသုံးပြုလာလျက်ရှိခြင်းကြောင့် တောင်သူလယ်သမားများအနေဖြင့် သီးနှံစိုက်ဧကများအတွက် လျှပ်စစ်ဓာတ်အားခ၊ ဒီဇယ်ဆီဖိုး ကုန်ကျစရိတ်သက်သာစေမည့် ဆိုလာအသုံးပြု ရေတင်စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်သလို တောင်သူအများစုသည်လည်း ထိုစနစ်ကို နှစ်သက်နေကြပြီဖြစ်သောကြောင့် များမကြာမီကာလတွင် အဆိုပါစနစ်ကို မြန်မာနိုင်ငံ၌ တွင်ကျယ်စွာ အသုံးပြုလာကြတော့မည်လည်း ဖြစ်သည်။

ဆိုလာရေတင်စနစ်ဆိုသည်မှာ လျှပ်စစ်မီး (သို့မဟုတ်)လောင်စာဆီမလိုဘဲ နေရောင်ခြည်စွမ်းအင်ကို အသုံးပြု၍ ရေစုပ်ယူတင်ဆောင်ပေးသော စနစ်ဖြစ်သည်။

### အဓိက အစိတ်အပိုင်းများ

* **ဆိုလာပြား (Solar PV Panels):** နေရောင်ခြည်စွမ်းအင်ကို လျှပ်စစ်စွမ်းအင်အဖြစ် ပြောင်းလဲပေးသည်။
* **ဆိုလာပန့် (Solar Water Pump):** ရေကို မြေအောက်တွင်း (သို့မဟုတ်)မြစ်ချောင်းများမှ စုပ်ထုတ်ပေးသည်။
* **အင်ဗာတာ(သို့မဟုတ်)ကွန်ထရိုလာ(Inverter/ Controller):** ဆိုလာပြားမှလာသော ပါဝါကို မော်တာအတွက် သင့်လျော်သလို ချိန်ညှိပေးသည်။

### အသုံးပြုပုံနှင့် အားသာချက်များ

* **စိုက်ပျိုးရေး :** မြန်မာနိုင်ငံရှိ ဒေသများစွာတွင် စိုက်ပျိုးရေအတွက် အသုံးပြုနေကြပြီး ရေသွင်းစနစ်များ (Drip, Irrigation) နှင့် တွဲဖက်အသုံးပြုနိုင်သည်။
* **ကုန်ကျစရိတ်သက်သာခြင်း :** လောင်စာဆီဖိုးနှင့် လျှပ်စစ်မီးသုံးစွဲရန် မလိုသောကြောင့် ရေရှည်တွင် ကုန်ကျစရိတ်များစွာ သက်သာစေသည်။
* **ထိန်းသိမ်းရလွယ်ကူခြင်း :** နေရောင်ခြည်ရှိနေရုံဖြင့် အလိုအလျောက် အလုပ်လုပ်နိုင်ပြီး ပြုပြင်ထိန်းသိမ်းရလွယ်ကူသည်။

သို့ရာတွင် ဆိုလာစနစ်ဖြင့် ရေပေးဝေရန်အတွက် အဓိကအားဖြင့် Solar Panels/ Controller/ Inverter / Motor Pump စသည်များ လိုအပ်မည်ဖြစ်ရာ လျှပ်စစ်ဓာတ်အားကို Battery များနှင့် သိုလှောင်ပြီး အချိန်ပိုမိုအသုံးပြုနိုင်ရန် ဆောင်ရွက်နိုင်သော်လည်း Battery များသည် သက်တမ်းတိုခြင်းနှင့် ကုန်ကျစရိတ်မြင့်မားခြင်းတို့ကြောင့် Solar-Battery Hybrid စနစ်မှာ ရေရှည်တွက်ခြေကိုက်မှု မရှိနိုင်သည်ကိုလည်း တွေ့ရှိရမည်ဖြစ်သည်။ ဆိုလာတစ်မျိုးတည်း အသုံးပြုမည်ဆိုပါကလည်း နေ့အချိန်တွင်သာ ဓာတ်အားရရှိနိုင်ပြီး မိုးအုံ့ခြင်း၊ တိမ်ဖုံးခြင်းတွေ ဖြစ်ပေါ်လာခဲ့ပါက ရေတင်နိုင်မှုမရှိခြင်း၊ လိုအပ်သော ရေလုံလောက်စွာ ရရှိနိုင်မှုမရှိခြင်းတို့ကြောင့် အကန့်အသတ်နှင့်သာ လျှပ်စစ်ဓာတ်အားရရှိနိုင်မည်ဖြစ်ပြီး အသေးစားရေတင်လုပ်ငန်းများမှလွဲ၍ ဆိုလာစနစ်ကို National Grid နှင့် ချိတ်ဆက်ပြီး (Solar-On Grid Hybrid)စနစ်အသုံးပြုခြင်းက ပြည့်ဖြိုးမြဲစွမ်းအင် သုံး (Renewable Energy)ဖြစ်ခြင်းကြောင့် ရေရှည်တည်တံ့ပြီး အကျိုးဖြစ်ထွန်းလာနိုင်မည်ဖြစ်ကြောင်း သိရပါသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံသော စီးပွားရေးလုပ်ငန်းများ ပိုမိုတိုးတက်အောင် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။ စိုက်ပျိုးမွေးမြူရေးအတွက် အဓိကလိုအပ်ချက်မှာ ရေရရှိရေးဖြစ်သည်။ စိုက်ပျိုးရေများ လုံလောက်စွာ ရရှိမည်ဆိုပါက သီးထပ်စွမ်းအားများ တိုးတက်ပြီး စိုက်ပျိုးရေးကုန်ထုတ်လုပ်ငန်းများ တိုးတက်လာမည်ဖြစ်သည်။ ယခုအခါ နိုင်ငံတစ်ဝန်း၌ ရေထိန်းဆည်များ တည်ဆောက်၍ ဆိုလာစနစ်နှင့် တွဲဖက်ပြီး ရေတင်လုပ်ငန်းများ ဆောင်ရွက်ကာ စိုက်ပျိုးရေရရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်လည်း ရှိပါသည်။

နိုင်ငံတော်အကြီးအကဲမှလည်း ဆည်များသို့ သွားရောက်ကြည့်ရှုရာတွင် "ဆည်များသို့ ရေဝင်ရောက်မှုသည် နည်းပါးလာကြောင်း၊ အလားတူ ရေသုံးစွဲမှုများကိုလည်း စနစ်တကျ အသုံးမချဘဲ အဟောသိကံ သုံးစွဲမှုများကြောင့် ရေများလျော့နည်းလာသည်ကို တွေ့ရကြောင်း၊ အထူးသဖြင့် နွေရာသီတွင် ရေလုံလောက်စွာ ရရှိရေးအတွက် အမြဲမပြတ် နည်းလမ်းရှာဖွေဆောင်ရွက်လျက်ရှိကြောင်း၊ သဘာဝမှရရှိသည့် မြစ်ချောင်းရေ၊ မိုးရေနှင့် ဆည်ရေစသည့် သုံးမျိုးရှိကြောင်း၊ ရေကို အသုံးချရာတွင်လည်း လိုအပ်သလောက်သာ ထုတ်ယူသုံးစွဲကြရန်လိုကြောင်း" စသည်ဖြင့် မကြာခဏ ထည့်သွင်းပြောကြားလေ့ရှိသည်ကိုလည်း တွေ့ရှိရပါသည်။

လူသားများ အသက်ရှင်သန်ရေး၊ စိုက်ပျိုးမွေးမြူရေးနှင့် သဘာဝပတ်ဝန်းကျင် သာယာလှပရေးများအတွက် ရေသည်မရှိလျှင်မဖြစ်သည့်အရာ ဖြစ်သည်။ ထိုရေကို စနစ်တကျ အသုံးပြုကြရန် ရေအသုံးချမှုနှင့်ပတ်သက်၍ ရုပ်မြင်သံကြားများ၊ နေ့စဉ်ထုတ်သတင်းစာများအပြင် အခြားသောနည်းလမ်းများဖြင့် ပြည်သူများ အသိရှိလာစေရေး ဖော်ပြပေးလျက်ရှိပါသည်။ ရေအသုံးချမှုနှင့်ပတ်သက်၍ အစက်ချစနစ်၊ ရေပိုက်ဖြင့် သွယ်တန်းအသုံးပြုခြင်းစနစ်များဖြင့် အသုံးပြုမည်ဆိုပါက ရေသုံးစွဲမှုကိုလည်း လျှော့ချလာနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား ဆောင်ရွက်သည့်နိုင်ငံဖြစ်၍ စိုက်ပျိုးမြေများစွာရှိပြီး လယ်ဧက စုစုပေါင်း ၁၃ သန်း၊ ယာမြေဧက ငါးသိန်းကိုးသောင်းကျော်နှင့် တောင်ယာဧက သုံးသိန်းကျော် ရှိပါသည်။ အခြားမြေများတွင် စိုက်ပျိုးထားမှုများမှာလည်း ခြောက်သိန်းလေးသောင်းကျော် ရှိပါသည်။ စိုက်ပျိုးရေးလုပ်ငန်းတိုးတက်မှုတွင် ရေသည်အရေးကြီးဆုံး လိုအပ်ချက်ဖြစ်သည့်အတွက် စိုက်ပျိုးရေရရှိရေးကို ဦးစားပေး ဆောင်ရွက်နေခြင်းလည်း ဖြစ်ပါသည်။ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ရန်မှာ မျိုးကောင်းရန်၊ မြေဩဇာလုံလောက်စွာ ရရှိရန်၊ စိုက်ပျိုးရေလုံလောက်စွာ ရရှိရန်နှင့် နည်းစနစ်တကျ စိုက်ပျိုးရန် အလွန်အရေးကြီးပါသည်။

စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ရေရရှိရေးဆောင်ရွက်ရာတွင် ခြောက်သွေ့သည့် နွေရာသီ၌ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ရေတင်လုပ်ငန်းများကို ဆောင်ရွက်ကြရမည်ဖြစ်သည်။ နေရောင်ခြည်စွမ်းအင်သုံးခြင်းကြောင့် စက်သုံးဆီသုံးစွဲမှုများကို များစွာလျှော့ချနိုင်သဖြင့် အကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဆိုလာစက်ရုံများ ထုတ်လုပ်နိုင်ရေးဆောင်ရွက်လျက်ရှိသကဲ့သို့ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။ နေရောင်ခြည်စွမ်းအင်သုံး ရေတင်လုပ်ငန်းများကို အသုံးချပြီး သီးထပ်စိုက်ပျိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဆိုပါက စိုက်ပျိုးရေးလုပ်ငန်းများကို ပိုမိုတိုးတက်လာနိုင်စေမည်ဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် အကျိုးအမြတ်များဖြင့် ဆိုလာစနစ်အသုံးပြုခြင်းအတွက် ကုန်ကျမှုများကို ပြန်လည်ရရှိစေမည် ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် စိုက်ပျိုးမွေးမြူရေး တောင်သူများ စီးပွားဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် နိုင်ငံတော်မှ အားသွန်ခွန်စိုက် တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်နေခြင်းမှာ စိုက်ပျိုးရေးကို အခြေခံ၍ နိုင်ငံဖွံ့ဖြိုးတိုးတက်လာစေရေးအတွက်ပင် ဖြစ်သည်။ မြေအောက်သယံဇာတများကို ထုတ်ယူသုံးစွဲခြင်းထက် မြေပေါ်သယံဇာတဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်းများကို အောင်မြင်အောင် နည်းစနစ်တကျ ဆောင်ရွက်နိုင်မည်ဆိုပါက စိုက်ပျိုးရေးလုပ်ငန်းများသည် များစွာအောင်မြင်လာမည်သာ ဖြစ်သည်။ ယခုအခါ ဆိုလာရေတင်စနစ်ကိုတောင်သူများ ကျယ်ပြန့်စွာ အသုံးပြုနိုင်ရေးအတွက် နိုင်ငံတော်က ဘက်စုံမှ ထောက်ပံ့ကူညီပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မဝေးလှသောကာလတွင် ဆိုလာရေတင်စနစ်များကို ယခုထက် ပိုမိုသုံးစွဲလာနိုင်ကြတော့မည်သာ ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**ကိုးကား – နေ့စဉ်ထုတ်သတင်းစာများမှ ဆောင်းပါးများ**

နော်ယဉ်ကျေး

# အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲများ ကျင်းပ

**ကျောက်ဆည် အောက်တိုဘာ ၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ဗလငါးတန်နှင့်ပြည့်စုံပြီး ထူးချွန်လူငယ်များ ပေါ်ထွက်လာစေရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲများ ကျင်းပခြင်း၊ သင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ မွန်းလွဲ ၁ နာရီက ကျောက်ဆည်မြို့နယ်၊ ပြည်ပန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ စာဖတ်ရှုနိုင်မြင့်မားရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲများ ကျင်းပခဲ့သည်။

အသိပညာပေးဟောပြောပွဲတွင် ကျောက်ဆည်မြို့နယ်၊ ပြည်ပန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းအုပ်ကြီး ဦးအောင်ကိုသက်က အသိပညာပေးဟောပွဲတွင် ဟောပြောခဲ့သည့် အကြောင်းအရာများအား ဂရုစိုက်နားထောင်မှတ်သားကြပြီး အောင်မြင်သူများဖြစ်အောင် ဆောင်ရွက်သွားရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ ကျောင်းနှင့်ဝန်းကျင် သန့်ရှင်းရေးအကြောင်းများ ဟောပြောဆွေးနွေးခဲ့ပြီး ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက "အလိမ္မာစာမှာရှိ" ဆိုသည့်အတိုင်း ကျောင်းသား၊ ကျောင်းသူများ စာပေလေ့လာဖတ်ရှုသည့်အလေ့အကျင့်ကောင်းများရရှိစေရန်၊ အားလပ်ချိန်များတွင် အချိန်ကိုအကျိုးရှိစွာအသုံးချသည့်အနေဖြင့် စာအုပ်များဖတ်ရှုသွားကြစေရေး၊ ဘဝတွင်အောင်မြင်သူများသည် စာပေဖတ်ရှုသူများဖြစ်ကြောင်း အသိပညာပေးဟောပြောခဲ့သည်။

ဟောပြောပွဲအပြီးတွင် ကျောင်းသား၊ ကျောင်းသူများက ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော အသိပညာပေး နံရံကပ်စာစောင်များအား စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**



**စုစုအေး(ကျောက်ဆည်)**

# ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်၊ သုတ၊ ရသ စာအုပ်၊ စာစောင်များ ခင်းကျင်းပြသ

**အမရပူရ အောက်တိုဘာ ၇**

ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ဗဟုသုတများ တိုးပွားစေရန်၊ စာဖတ်သည့်အလေ့အကျင့်ကောင်းများရရှိစေရန် ရည်ရွယ်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာမူလတန်းကျောင်း စားကြင်ဝတို့ပူးပေါင်း၍ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲကျင်းပခြင်းနှင့် နံရံကပ်စာစောင်၊ သုတရသ စာအုပ်၊ စာစောင်များပြသခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီက ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ အမရပူရမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှဲ့လှဲ့ခိုင်က ကလေးအလုပ်သမားပပျောက်ရေး ခေါင်းစဉ်ဖြင့် ကလေးအလုပ်သမား၏အဓိပ္ပာယ်၊ ကလေးအလုပ်သမား၏ နောက်ဆက်တွဲအကျိုးဆက်များ၊ ကလေးအလုပ်သမားဖြစ်ရသည့်အကြောင်းအရင်းများ၊ အဆိုးရွားဆုံးပုံစံဖြင့် ကလေးလုပ်သားကို ခိုင်းစေမှုအကြောင်း စသည့် အကြောင်းအရင်းများကို ကျောင်းသား၊ ကျောင်းသူများအား အသိပညာပေး ဆွေးနွေးဟောပြောခဲ့သည်။



ထို့နောက် ကျောင်းသား၊ ကျောင်းသူများအား ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်နှင့် သုတ၊ ရသ စာအုပ်၊ စာစောင်များကို ခင်းကျင်းပြသခဲ့ရာ စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**လှဲ့လှဲ့ခိုင်**
**အမရပူရ**




# အပူဒဏ်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

**စဉ့်ကူး အောက်တိုဘာ ၇**

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမြို့တွင် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်များကြောင့် ဖြစ်ပေါ်လာနိုင်သော အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် အပူဒဏ်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များကို ယနေ့ နံနက် ၇ နာရီက စဉ့်ကူးမြို့ မြို့မဈေးအတွင်းနှင့် ဈေးရှေ့တို့တွင် ဖြန့်ဝေပေးခဲ့သည်။

ထိုသို့ ဖြန့်ဝေရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန့်ဇင်ထွန်းနှင့် အဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးရဲစည်သူအောင်နှင့် ဝန်ထမ်းများ၊ မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းပြည့်ကျော်နှင့် တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ မြို့မစခန်းမှူး ဒုတိယရဲမှူး ပြုံးချိုနှင့် တပ်ဖွဲ့ဝင်များ၊ ပညာရေးဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့များဖြင့် လက်ကမ်းစာစောင် ၄၀၀ အား ပြည်သူများထံ အခမဲ့ဖြန့်ဝေပေးခဲ့ကြသည်။

အဆိုပါ လက်ကမ်းစာစောင်တွင် ကြိုတင်ကာကွယ်အပူဒဏ်အန္တရာယ်၊ လိုက်နာဆောင်ရွက်ရန်အချက်များ၊ ရှောင်ကြဉ်ရန်အချက်များ၊ အပူဒဏ်အန္တရာယ်အထူးသတိပြုရမည့်သူများ၊ အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်များအား ထည့်သွင်းဖော်ပြထားကြောင်း သိရသည်။



**(အပေါ်ပုံ)**

**တင်စာလွင် (ပြန်/ဆက်)**

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## နှင်းမှုံထဲမှာ

* နှင်းဖွေးဖွေးအောက် လမ်းလျှောက်ရတာ
ပျော်စရာပေါ့ ....လန်းဖြာကိုယ်စိတ်
ကြည်နူးရိပ်ပေ....ချစ်မိတ်ဆွေနဲ့
အတူတူလေ။

* ဟိုး....ဝေးဝေးက မန္တလေးတောင်လည်း
နှင်းသဲသဲမှာ....ကာလနဂါးနဲ့အပြိုင်
သူအနိုင်ကြဲ ....သူဗိုလ်စွဲလျက်
ဆောင်းအိပ်မက်တွေ ....မြင်မက်နေဆဲ
မှိုင်းဝေမှုံရီ ဆောင်းပန်းချီထဲ
နေဝန်းနီလည်း ....အိပ်ပျော်မြဲပင်။

* ဘုံနန်းပြာသာဒ် ....ငှက်မြတ်နားတော်
မှန်းမျှော်ကြည့်လျှင် ....မထင်ပုံရိပ်
ပိန်းပိတ်နှင်းမှုံ လွှာစောင်ခြုံလို့
မြို့ရိုးနီစွေး ....မနိုးသေး....။

* နှင်းမင်းသမီး ဝေဟင်ခရီးမှ
နှင်းသီးပုလဲ ....ကျုံးရေထဲမှာ
သွန်းကြဲကဟန် ....ဖြိုးဖြောက်သံပေး
ဆောင်းတေးတံတျာ ....သံစုံဖြာတော့
သာယာချိုမြ ....နားစည်ဝမှာ
ပမာတူစွ ပဉ္စသိင်္ခနတ်စောင်းသံ။

* အအေးဒဏ်အန်တု လေနအေးရှူရှိုက်
ကျုံးတစ်ပိုက်မှာ ....သိုက်မြိုက်စည်ကား
ပြည်သူများစွာ ကျန်းမာကြံ့ခိုင်
တစ်နိုင်ငံယောဂ ....လေ့ကျင့်ကြဟန်
"အာရောဂျံ ပရမံ လာဘံ" ....ကေန်ရနေ
ချစ်မိတ်ဆွေများ ကျန်းခံ့သာလို့မာစေသား။
နှင်းမှုံထဲမှာ ....မေတ္တာပွား
သာယာအေးမြ ....ကမ္ဘာတစ်လွှား....။
ချိုးငှက်ငယ်လေး ....ကူစေသား....။

ခင်ဆွေလှိုင်(ပန်းချီ)



# (၃၈)ဖြာမင်္ဂလာ ယဉ်ကျေးလိမ္မာဗုဒ္ဓဝင်နှင့် ပြည်သူ့နီတိသင်တန်းဖွင့်လှစ်၍ ပြဋ္ဌာန်းစာအုပ်များလှူဒါန်း

**မန္တလေး အောက်တိုဘာ ၇**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အိုးဘိုရပ်ကွက်ရှိ အိုးဘိုဘုန်းတော်ကြီးသင်အလယ်တန်းကျောင်း၌ (၃၈)ဖြာမင်္ဂလာ ယဉ်ကျေးလိမ္မာ ဗုဒ္ဓဝင်နှင့် ပြည်သူ့နီတိသင်တန်း ဖွင့်လှစ်ခြင်းနှင့် စာမေးပွဲဖြေဆိုနိုင်ရေးအတွက် ပြဋ္ဌာန်းစာအုပ်များ ပေးအပ်လှူဒါန်းခြင်းကို အောက်တိုဘာ ၆ ရက် နံနက်ပိုင်းက ကျင်းပခဲ့ရာ အောင်မြေသာစံမြို့နယ် မြို့နယ်ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) ဩဝါဒါစရိယဆရာတော် ဓမ္မာစရိယ၊ ဝိနယဝိဒူ ဘဒ္ဒန္တအရှင်တေဇက ဩဝါဒစကားမိန့်ကြားပြီး မန္တလေးတိုင်းဒေသကြီး (YMBA) ဥက္ကဋ္ဌ မင်္ဂလဓမ္မဇောတိကဓဇ ဦးမိုးဇော်ထွန်းက အမှာစကားပြောကြားသည်။

ထို့နောက် အိုးဘို(ဘက) အလယ်တန်းကျောင်းကော်မတီမှ တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင် စကားပြောကြားခဲ့သည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး (YMBA) ဥက္ကဋ္ဌ မင်္ဂလဓမ္မဇောတိကဓဇက အိုးဘို(ဘက)အလယ်တန်းကျောင်းရှိ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအတွက် (၃၈)ဖြာမင်္ဂလာ ယဉ်ကျေးလိမ္မာစာအုပ်၊ ပြည်သူ့နီတိစာအုပ်နှင့် ရုပ်စုံဗုဒ္ဓသာသနာဝင်စာအုပ်များကို ပေးအပ်လှူဒါန်းခဲ့သည်။ ထို့နောက် အောင်မြေသာစံမြို့နယ် (YMBA) ဥက္ကဋ္ဌ ဦးမျိုးဌေးက ကျေးဇူးတင် စကားပြောကြားခဲ့သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး (YMBA) ဥက္ကဋ္ဌက နိဂုံးချုပ် စကားပြောကြားပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၈)**

၀-၀-၀-၀-၀

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆို

**နေပြည်တော် အောက်တိုဘာ ၇**



နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေ အေးချမ်းသာယာရေး အတွက် နယ်မြေလုံခြုံရေး တာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့ရှိ နယ်မြေခံတပ်ရင်း၌ပြုလုပ်ရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံ တိုင်းရင်းသား ပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေး ဖဝေး၊ မိသားစုများနှင့် ဝေးကွာ၍ နေ့မအား၊ ညမနား စွမ်းစွမ်းတမံ တာဝန် ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဂုဏ်ပြုပန်းကုံးများ၊ အောင်သပြေခက်များ ကမ်း၍လည်းကောင်း၊ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။

ယင်းနောက် တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ ဂုဏ်ပြုနေ့လယ်စာ အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြော

**ဂန့်ဂေါ အောက်တိုဘာ ၇**

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့တွင် ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်နှင့် ပြည့်စုံပြီး အသိပညာ ဗဟုသုတများပြည့်ဝကာ စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ရရှိစေရန် ရည်ရွယ်၍ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ယနေ့ နံနက်ပိုင်းက အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) (စည်ပင်သာယာ)ကျောင်းတွင် ကျင်းပသည်။

အဆိုပါ ဟောပြောပွဲတွင် ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ယဉ်ယဉ်အေးက ဟောပြောပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကိုလည်းကောင်း၊ ကျောင်းသား၊ ကျောင်းသူများ အနေဖြင့် ကျောင်းစာအပြင် အသိပညာ ဗဟုသုတများ ရရှိစေမည့် သုတစာပေ၊ ရသစာပေများကိုပါ ဖတ်ရှုလေ့လာကြရန် လိုအပ်ကြောင်း၊ စာပေများ ဖတ်ရှုခြင်းဖြင့် ရရှိနိုင်သည့် အကျိုးကျေးဇူးများအကြောင်း၊ ကျောင်းစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရေးနှင့် စာကြည့်တိုက်ကို အသုံးပြုတတ်စေရေး စသည့် အကြောင်းအရာများကို ဟောပြောခဲ့ကြောင်း သိရသည်။

**မောင်မျိုးမင်း(ပြန်/ဆက်)**

၀-၀-၀-၀-၀

၀-၀-၀

❖ စာမျက်နှာ ၂၄ မှ

လူရွေးပွဲ၊ အမျိုးသား(၁၀)မျိုးစုံ (၁)မီတာ-၁၀၀ အပြေးပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား/အမျိုးသမီး မီတာ-၈၀၀ အပြေးပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား (၁၀)မျိုးစုံ(၂)အလျားခုန်ပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား/ အမျိုးသမီး မီတာ-၂၀၀ အပြေးပြိုင်ပွဲ လူရွေးပွဲ၊ အမျိုးသား(၁၀)မျိုးစုံ(၄)တန်းမြင့်ခုန်ပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား/အမျိုးသမီး မီတာ-၄၀၀ တန်းကျော်ပြေးပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား (၁၀)မျိုးစုံ (၅)မီတာ-၄၀၀ အပြေးပြိုင်ပွဲ ဗိုလ်လုပွဲကိုလည်းကောင်း၊ ဇေယျာသီရိ လေ့ကျင့်ရေးကွင်းအမှတ်(၁)၌ အမျိုးသား (၁၀)မျိုးစုံ(၃)သံလုံးပစ်ပြိုင်ပွဲ ဗိုလ်လုပွဲကိုလည်းကောင်း အသီးသီးယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲများအပြီးတွင် အောက်တိုဘာ ၅ ရက်နှင့် ၆ ရက် ပြိုင်ပွဲများတွင်ဆုရရှိခဲ့သည့် အားကစားသမားများကို တာဝန်ရှိသူများက တစ်ဦးချင်း ဆုတံဆိပ်၊ ငွေသားဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

၂၀၂၆ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) ပြေးခုန်ပစ်ပြိုင်ပွဲတွင် ယခင်နှစ်စံချိန်များထက် အမျိုးသမီး(၇)မျိုးစုံ(၂)တန်းမြင့်ခုန်ပြိုင်ပွဲ၌ ကာကွယ်ရေး ဦးစီးချုပ်ရုံး (လေ)ကိုယ်စားပြုအသင်းမှ ယဉ်ယဉ်စိုးသည် ၂၀၂၂ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ)ပြေးခုန်ပစ် ပြိုင်ပွဲတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းမှ နန်းဖြူပြာမြင့်၏ စံချိန် ၁ ဒသမ ၅၈ မီတာကို ကျော်လွန်ပြီး ၁ ဒသမ ၆၀ မီတာဖြင့် စံချိန်သစ်တင်နိုင်ခဲ့သည့် အပြင် ၁၉၈၅ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ)ပြေးခုန်ပစ်ပြိုင်ပွဲ အမျိုးသမီး(၇)မျိုးစုံ ပြိုင်ပွဲတွင်လည်း ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) အသင်းမှ ရာဒါဒေဝီ စံချိန်တင် ရရှိခဲ့သည့် အမှတ်ပေါင်း ၃၉၃၉ မှတ်အား ကျော်လွန်၍ ယဉ်ယဉ်စိုးက ရမှတ်ပေါင်း ၄၀၈၇ မှတ်ဖြင့် စံချိန်သစ်တင်နိုင်ခဲ့သည်။ အလားတူ အမျိုးသမီး ကြိုးတပ် သံလုံးပစ်ပြိုင်ပွဲတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းမှ သွယ်သွယ်မိုးသည် ၂၀၂၄ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ)ပြေးခုန်ပစ်ပြိုင်ပွဲတွင် ၎င်းစံချိန်တင်ထားသည့် ၄၇ ဒသမ ၄၈ မီတာအား ကျော်လွန်၍ ၅၀ ဒသမ ၀၃ မီတာဖြင့် စံချိန်သစ်အားတင်နိုင်ခဲ့ကြောင်း သိရသည်။

အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂျူဒိုပြိုင်ပွဲကို ဇေယျာသီရိတပ်မတော်အားကစားရုံ(A)



၌ အမျိုးသား/အမျိုးသမီး ကီလိုတန်းအလိုက် အတိုက်ပြိုင်ပွဲများ အသီးသီး ယှဉ်ပြိုင်ကစားကြပြီး ပြိုင်ပွဲများတွင်ဆုရရှိခဲ့သည့် အားကစားသမားများကို တာဝန်ရှိသူများက တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) အမျိုးသား/အမျိုးသမီးဘော်လီဘောပြိုင်ပွဲကို ဇေယျာသီရိ တပ်မတော် အားကစားရုံ(B)၌ အမျိုးသား / အမျိုးသမီးကွာတားအဆင့် ပတ်လည်ပြိုင်ပွဲများကိုလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း၊ (၃၃)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မြန်မာ့သိုင်းပြိုင်ပွဲကို ဇေယျာသီရိတပ်မတော်အားကစားရုံ(C)၌ အမျိုးသားဗန်တိုအတိုက်(က)တန်း၊ အမျိုးသား ဗန်တိုအတိုက်(ခ)တန်း၊ ၅၅-၆၀ ကီလိုတန်း အမျိုးသမီးပန်ကြပ်ဆီလပ် အတိုက်ပြိုင်ပွဲ၊ ၄၅-၅၀ ကီလိုတန်း အမျိုးသမီးပန်ကြပ်ဆီလပ် အတိုက်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ်များ၊ အမျိုးသားဓားနှစ်လက် အတိုက်(က)တန်း အကြိုဗိုလ်လုပွဲစဉ်များ၊ အမျိုးသားဓားနှစ်လက် အတိုက်(ခ)တန်း အကြိုဗိုလ်လုပွဲစဉ်များ၊ အမျိုးသား ဓားတစ်လက် အတိုက်(က)တန်းအတိုက်ပြိုင်ပွဲအကြိုဗိုလ်လုပွဲစဉ်များ၊ အမျိုးသားဓားတစ်လက် အတိုက် (ခ)တန်းအတိုက်ပြိုင်ပွဲအကြိုဗိုလ်လုပွဲစဉ်များ၊ အမျိုးသမီး ဓားတစ်လက်အတိုက်ပြိုင်ပွဲများ၊ အမျိုးသားတစ်ကိုယ်တော် တုတ်ရှည်သိုင်းစွမ်းရည်ပြပြိုင်ပွဲများ၊ အမျိုးသမီးနှစ်ယောက် အတွဲတိုက်စွမ်းရည်ပြပြိုင်ပွဲများကိုလည်းကောင်း အသီးသီးယှဉ်ပြိုင်ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ပိုက်ကျော်ခြင်းပြိုင်ပွဲကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ စံပယ်အားကစားရုံ၌ အလွတ်တန်း (၄)ယောက်တွဲ အဖွဲ့လိုက် အုပ်စုပွဲစဉ်များကိုလည်းကောင်း၊ (၅၆)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်းတပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ဝှေ့ပြိုင်ပွဲကို နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၊ တပ်နယ်အားကစားခန်းမ၌ ကီလိုတန်းအလိုက် လူသစ်တန်း၊ အလွတ်တန်းနှင့် (က)အဆင့်အကြိုဗိုလ်လုပွဲစဉ်များကိုလည်းကောင်း အသီးသီးယှဉ်ပြိုင်ကစားကြသည်။

ထို့အတူ ၂၀၂၆ ခုနှစ် (၆၃)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အလွတ်တန်းအဆင့် ဘောလုံးပြိုင်ပွဲကို ညနေပိုင်းတွင် ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်အဖြစ် ဇေယျာသီရိ တပ်မတော်အားကစားကွင်း၌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းနှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက် နှစ်ဂိုးစီ သရေရလဒ်ဖြင့်လည်းကောင်း၊ ဇေယျာသီရိ လေ့ကျင့်ရေးကွင်းအမှတ်(၁)၌ နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြုအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် လည်းကောင်း အနိုင်ရရှိခဲ့ပြီး အောက်တိုဘာ ၁၀ ရက်နေ့တွင် ပထမအကြိုဗိုလ်လုပွဲအဖြစ် နေပြည်တော်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး အောက်တိုဘာ ၁၁ ရက်တွင် ဒုတိယအကြိုဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်း တို့သည် ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အားကစားပြိုင်ပွဲများသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာသည့် DPLA နှင့် KNPP အမည်ခံ အဖွဲ့ဝင် ၄၈ ဦးတို့အား မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျ ပြန်လည်လွှဲပြောင်းပေးအပ်

နေပြည်တော် အောက်တိုဘာ ၇

တပ်မတော်အနေဖြင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို အစဉ်တစိုက် အလေးထားဆောင်ရွက်လျက်ရှိသည်နှင့်အညီ အကြမ်းဖက် ချေမှုန်းမှုစစ်ဆင်ရေး (Counter – Terrorism Operation) များတွင် အောင်မြင်မှုများရရှိကာ အကြမ်းဖက်သောင်းကျန်းသူများ ယာယီ ထိန်းချုပ်ထားသည့် နယ်မြေများအား အပြီးတိုင် ပြန်လည် ထိန်းချုပ်နိုင်ခဲ့မှုများ အပေါ် ဒေသခံတိုင်းရင်းသား ပြည်သူများအနေဖြင့် ဝမ်းသာအားရ ကြိုဆိုထောက်ခံလျက်ရှိကြပြီး စိတ်အားထက်သန်စွာ အားပေးထောက်ခံမှုများ၊ ယုံကြည်အားကိုးမှုများဖြင့် တပ်မတော်နှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်လာခဲ့ခြင်းများကြောင့် လက်နက်ကိုင် အကြမ်းဖက်အဖွဲ့ဝင်များအနေဖြင့်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် နားလည်သဘောပေါက်လာကြကာ နီးစပ်ရာ နယ်မြေခံတပ်စခန်းများနှင့် လုံခြုံရေးတပ်ဖွဲ့များထံ လာရောက်သတင်းပို့ပြီး ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လျက်ရှိကြသည်။




ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လျက်ရှိရာ DPLA အမည်ခံအဖွဲ့ဝင် အမျိုးသား ၄၃ ဦးနှင့် အမျိုးသမီး လေးဦး၊ KNPP အမည်ခံအဖွဲ့ဝင်အမျိုးသား တစ်ဦး စုစုပေါင်း ၄၈ ဦးတို့သည် လက်နက်/ ခဲယမ်းများနှင့် အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်ခဲ့သဖြင့် မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံခြင်းကို ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် သံလွင်ခန်းမ၌ ပြုလုပ်ရာ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ ပအိုဝ်း/ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှတာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဥပဒေဘောင် အတွင်းသို့ ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားပြီး တိုင်းမှူးက အလင်းဝင်ရောက်လာသူ လူငယ်များအား အသိပညာပေး ရှင်းလင်းပြောကြားသည်။ ထို့နောက် ရှမ်းပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်က ဥပဒေအကြောင်းအရာများအား ဆွေးနွေးပြောကြားသည်။ ယင်းနောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူပါရှိလာသည့် MA-1 သေနတ် နှစ်လက်၊ AK-47 သေနတ် တစ်လက်၊ ကျည်အိမ်မျိုးစုံ ခြောက်ခု၊ လက်ပစ်ဗုံး နှစ်လုံး၊ ကျည်မျိုးစုံ ၂၅၁ တောင့်တို့ကို လွှဲပြောင်းအပ်နှံရာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူသည်။ ၎င်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က မောင်းပြန်ရိုင်ဖယ် သုံးလက်အတွက် ငွေကျပ်သိန်း ၁၅၀၊ လက်ပစ်ဗုံး နှစ်လုံးအတွက် ငွေကျပ် ခြောက်သိန်း၊ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာသူ ၄၈ ဦးအတွက် တစ်ဦးလျှင် တစ်သိန်းနှုန်းဖြင့် ငွေကျပ် ၄၈ သိန်း စုစုပေါင်းဆုကြေးငွေကျပ် ၂၀၄ သိန်းနှင့် လက်ဆောင်ပစ္စည်းများအား ပေးအပ်ရာ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများက လက်ခံရယူကြသည်။ ယင်းနောက် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူ တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက် လာကြသူများအား ခံဝန်ကတိ လက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ စနစ်တကျ ပြန်လည်လွှဲပြောင်း အပ်နှံပေးသည်။

ယနေ့ အခမ်းအနားတွင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို လက်ခံယုံကြည်လျက် ဒေသတည်ငြိမ်အေးချမ်းရေးကို အမှန်တကယ်လိုလားကြသည့် ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာကြသူများအား မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းအပ်နှံခဲ့မှုအနေဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်မှ အမျိုးသား ၂၄ ဦး၊ အမျိုးသမီး လေးဦး၊ ပင်းတယမြို့နယ်မှ အမျိုးသား ၁၂ ဦး၊ ရွာငံမြို့နယ်မှ အမျိုးသား တစ်ဦး၊ ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ်မှ အမျိုးသားတစ်ဦး၊ မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ်မှ အမျိုးသား တစ်ဦး၊ မကွေးတိုင်းဒေသကြီး မကွေးမြို့မှ အမျိုးသား တစ်ဦး၊ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်မှ အမျိုးသား တစ်ဦး၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်မှ အမျိုးသားတစ်ဦး၊ ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်မှ အမျိုးသားတစ်ဦး၊ ကယားပြည်နယ် မယ်စဲ့မြို့နယ်မှ အမျိုးသားတစ်ဦးတို့ဖြစ်ကြောင်း သိရသည်။

အဆိုပါဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် DPLA နှင့် KNPP အဖွဲ့များသည် မိသားစုဝင်ဆွေမျိုးများနှင့် အကျပ်ကိုင်၍ အတင်းအဓမ္မ စုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင် ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များ အတွင်း၌ပင် အထက်အောက် အဆင့်အတန်းခွဲခြား၍ အချင်းချင်းဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့ အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည် အကျိုးပြုလိုခြင်း တို့ကြောင့် လက်နက်ကိုင် လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်ခဲ့ကြခြင်း ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးပြီး မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိသဖြင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည် ဝင်ရောက်ရန် ဆန္ဒရှိသူများ များစွာ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လိုသူများ အနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ထိုက်တန်စွာ ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများ၏ ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်–



**အမျိုးသား**

၂၀၂၄ ခုနှစ် မတ်လမှာ ပင်းတယ မြို့နယ် သိမ်ကုန်းကျေးရွာမှာ မိဘနဲ့အတူ နေထိုင်စဉ် DPLA အကြမ်းဖက်အဖွဲ့ရဲ့ စည်းရုံးမှုကြောင့် ကျောက်မဲမြို့နယ်ထဲမှာ သင်တန်းအမှတ်စဉ် (C-4) တက်ရောက်ခဲ့ရပါတယ်။ သင်တန်းဆင်းပြီးတော့ နောင်ချိုဒေသမှာ တာဝန်ထမ်းဆောင်ခဲ့ပြီး ကျွန်တော်တို့အနေနဲ့ DPLA အကြမ်းဖက်အဖွဲ့မှာ ဆက်နေရင် အသက်သေဆုံးနိုင်သလို မသေရင်လည်း အဖမ်းခံရနိုင်တာကြောင့် ၂၀၂၆ စက်တင်ဘာလမှာတော့ အလင်းဝင်ရောက်ခဲ့ပါတယ်။ အလင်းဝင်ရောက်တော့လည်း တပ်မတော်မှ တာဝန်ရှိသူတွေက သားသမီးလို၊ ညီအစ်ကိုလို နွေးထွေးစွာ ပြောဆိုဆက်ဆံတယ်။ ကောင်းမွန်စွာထားပြီး မိသားစုသဖွယ် စောင့်ရှောက်တဲ့အတွက် လွန်စွာဝမ်းသာကျေးဇူးတင်မိပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ အခုလို အလင်းဝင်တဲ့ လမ်းကြောင်းကို ရွေးချယ်ခဲ့တာ မှန်ကန်တယ်လို့ မြင်မိပါတယ်။ တောထဲမှာ ကျန်ရှိခဲ့တဲ့လူငယ်တွေကိုလည်း တောထဲမှာနေပြီး အကြောင်းမဲ့ အသက်သေဆုံးမယ့်အစား မိသားစုနဲ့အတူ ဘဝကို အေးချမ်းစွာ ဖြတ်သန်းနိုင်ဖို့ တပ်မတော်နဲ့ လက်တွဲကာ အလင်းဝင်ရောက်ဖို့ ဖိတ်ခေါ်ချင်ပါတယ်။



**အမျိုးသမီး**

၂၀၂၅ ခုနှစ် ဇန်နဝါရီလမှာ အကြမ်းဖက်အဖွဲ့သို့ ဝင်ရောက်ခဲ့ပြီး ကျောက်မဲမြို့နယ်ထဲမှာ သင်တန်းအမှတ်စဉ် (A-6)အား တက်ရောက်ခဲ့ပါတယ်။ သင်တန်းဆင်းပြီးတော့ DPLA အကြမ်းဖက်အဖွဲ့ထဲမှာ အမျိုးသမီးတပ်ရင်းမှာ ထမင်းချက်လိုက် ဟင်းချက်လိုက် လုပ်ပေးခဲ့ရပါတယ်။ DPLA အကြမ်းဖက်အဖွဲ့မှာ နေရတာ ပင်ပန်းတယ်၊ ဆင်းရဲတယ်၊ မိသားစုနဲ့ ခွဲခွာနေထိုင်ရတယ်၊ လူငယ်ဘဝ အခွင့်အလမ်းတွေလည်း ဆုံးရှုံးတယ်၊ ဘယ်အချိန် သေမယ်မှန်းမသိ၊ အဲဒါကြောင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှာ ထွက်ပြေးခဲ့ပါတယ်။ အဲဒီနောက်တော့ ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၂၂ ရက်မှာ အလင်းဝင်ရောက်ခဲ့ပါတယ်။ အလင်းဝင်ရောက်တော့လည်း တပ်မတော်မှ တာဝန်ရှိသူတွေက ညီအစ်ကိုမောင်နှမလို၊ သားသမီးလို နွေးထွေးစွာပြောဆိုဆက်ဆံတယ်၊ မိသားစုသဖွယ် ဆက်ဆံတဲ့အတွက် ကျွန်မ ဝမ်းသာကျေနပ်ခဲ့ရပါတယ်။ အဲဒါကြောင့် ကျွန်မအနေနဲ့ အခုလို အလင်းဝင်ရောက်တဲ့လမ်းကြောင်းကို ရွေးချယ်ခဲ့တာ မှန်ကန်တယ်လို့ မြင်မိပါတယ်။ တောထဲမှာ ကျန်ရှိခဲ့တဲ့ လူငယ်တွေကို တောထဲမှာ နေပြီး အကြောင်းမဲ့အသက်သေဆုံးမယ့်အစား မိသားစုနဲ့အတူ ပြန်လည်နေထိုင်ပြီး ဘဝကို အေးချမ်းစွာ ဖြတ်သန်းနိုင်ဖို့ တပ်မတော်နဲ့ အတူလက်တွဲပြီး အလင်းဝင်ရောက်ခဲ့ဖို့ ဖိတ်ခေါ်ပါတယ်ရှင့်။

၁၀၀

## ရေတံခွန်တောင်ဂေါက်ကွင်းတွင် တစ်ချက်တည်း ကျင်းဝင်

**မန္တလေး အောက်တိုဘာ ၇**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဖွံ့ဖြိုးသစ်ကုမ္ပဏီ၊ ရေတံခွန်တောင်ဂေါက်ကွင်းတွင် ယနေ့နံနက် ၇ နာရီခွဲက ဦးဖုန်စုသာသည် အတူကစားဖော်များဖြစ်ကြသည့် ဦးအားဟွာ၊ ဦးအောင်မြင့်နှင့် ဒေါက်တာမျိုးတို့နှင့်အတူ ဂေါက်ရိုက်ကစားစဉ် ကိုက် ၂၀၀ ကွာဝေးသော ကျင်းအမှတ်(၈)သို့ ဂေါက်သီးအမျိုးအစား Titleist-1 ကို ဂေါက်တံအမျိုးအစား MAJESTY IRON-5 ဖြင့် ရိုက်လိုက်ရာတစ်ချက်တည်း ကျင်းဝင်သွားသည်။

တစ်ချက်တည်း ကျင်းဝင်အောင်ရိုက်နိုင်ခဲ့သော ဦးဖုန်စုသာအား Myanmar Casual Wear ကုမ္ပဏီမှ လက်ဆောင်ဆု၊ ဝမ်းသာမြန်မာကုမ္ပဏီမှ Cash Coupon ၁၀ သိန်းနှင့် MM(III)SOLAR and Electronic Mart မှ ငွေကျပ် ငါးသိန်းတို့ကို ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(ကဆ)

တံတားနှင့် လမ်း၊
ဆေးခန်းနှင့် ကျောင်း၊
ဆည်မြောင်းနှင့် ကန်၊
သစ်ပင်ရုံမှ၊
သဏ္ဌာန်လှပ၊ ပန်းရလိမ့်။

❖ နိုင်ငံတော် ရှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ၇-၁၀-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉ ဒသမ ၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား(၁၆ ဒသမ ၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ငွေကျပ် ၇၁၀၀၀၀၀ ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

**နေပြည်တော် အောက်တိုဘာ ၇**

ယနေ့နံနက် ၉ နာရီ ၅၉ မိနစ် စက္ကန့် ၂၀ တွင် တမူးမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် ငါးမိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(တမူးမြို့၏ အရှေ့မြောက်ဘက် လေးမိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၄ ဒသမ ၂၆ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၃၇ ဒီဂရီ၊ အနက် ၁၁၁ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၃ ဒသမ ၈(M)အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

**မိုး/စလ**

## ယနေ့ဖတ်စရာအညွှန်း

**မဟာမုနိဘုရားကြီးအား နေ့စဉ်ကပ်လှူပူဇော်သည့် ခြုံထည်အလှူတော်ကို ဖုန်း(သို့မဟုတ်)အွန်လိုင်းမှ တစ်ဆင့် ဆက်သွယ်လှူဒါန်းနိုင်**

စာမျက်နှာ ၁၃

- - - - - - - - - - - - - - -

**စိုက်ပျိုးမွေးမြူရေးအတွက် ဆိုလာရေတင်စနစ် (ဆောင်းပါး)**

စာမျက်နှာ ၁၄

## တိုင်းဒေသကြီးနှင့်ပြည်နယ် U-18 ပြေးခုန်ပစ်ပြိုင်ပွဲ ဆက်လက်ကျင်းပ




နေပြည်တော် အောက်တိုဘာ ၇

အားကစားရေးရာ ဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်တို့ ပူးပေါင်း၍ "၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် U-18 ပြေးခုန်ပစ်ပြိုင်ပွဲ" ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းနှင့် လေ့ကျင့်ရေးကွင်း အမှတ်(၁) တို့တွင် ဆက်လက်ကျင်းပသည်။

ယနေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် U-18 ပြေးခုန်ပစ်ပြိုင်ပွဲ

စာမျက်နှာ ၁၀ သို့ ✣

## ၂၀၂၆ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ဆက်လက်ကျင်းပ ပြေးခုန်ပစ်ပြိုင်ပွဲတွင် စံချိန်သစ်များတင်နိုင်ခဲ့

နေပြည်တော် အောက်တိုဘာ ၇

တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲများကို လက်ရွေးစင် အားကစားသမားများမှတစ်ဆင့် နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်သည့် မြန်မာ့လက်ရွေးစင် အားကစားသမားများအဖြစ် တက်လှမ်းနိုင်စေရန်နှင့်မျိုးဆက်သစ်လူငယ် အားကစားသမားကောင်းများ စဉ်ဆက်မပြတ်ပေါ်ထွန်းလာစေရန် နိုင်ငံတော်အားကစားကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ၂၀၂၆ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာ အားကစားနည်းများအလိုက် သတ်မှတ်ထားသော အားကစားကွင်းများနှင့် အားကစားရုံများတွင် ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။



၂၀၂၆ ခုနှစ် တပ်မတော် (ကြည်း၊ရေ၊လေ)အားကစားပြိုင်ပွဲများဖြစ်သည့် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) ပြေးခုန်ပစ်ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် ဇေယျာသီရိ တပ်မတော် အားကစားကွင်း၌ အမျိုးသား အမျိုးသမီး ၂၀ ကီလိုမီတာ လမ်းလျှောက်ပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား အမျိုးသမီး မီတာ-၁၅၀၀ အပြေးပြိုင်ပွဲ

စာမျက်နှာ ၁၆ သို့ ❖

## ဒဂုံစတားယူနိုက်တက်အသင်းက ISPE အသင်းကို လေးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရ

**ရန်ကုန် အောက်တိုဘာ ၇**

2026 M-League ယူ-၂၀ လူငယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၈) အဖြစ် ယနေ့ညနေပိုင်းက ဒဂုံစတားယူနိုက်တက်နှင့် ISPE အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဒဂုံစတားယူနိုက်တက်က ISPE အသင်းကို လေးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဒဂုံစတား ယူနိုက်တက် အသင်းအတွက်သွင်းဂိုးလေးဂိုးကို ပွဲချိန် ၄၂ မိနစ်၊ ၄၇ မိနစ်၊ ၆၉ မိနစ်တွင် ညီနိုင်၊ ပွဲချိန် ၆၅ မိနစ်တွင် ထွန်းလင်းအောင်တို့က သွင်းယူပေးခဲ့ကြသည်။



ဒဂုံစတားယူနိုက်တက်နှင့် ISPE အသင်းတို့ပွဲစဉ်တွင် AYA Pay Of The Match အကောင်းဆုံးကစားသမားဆုကို ဟက်ထရစ်သွင်းယူခဲ့သည့် ဒဂုံစတားယူနိုက်တက်အသင်း တိုက်စစ်မှူး ညီနိုင်က ဆွတ်ခူးခဲ့သည်။

ဒဂုံစတား ယူနိုက်တက်အသင်းသည် 026 M-League ယူ-၂၀ လူငယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၁၈) ယှဉ်ပြိုင်ကစားအပြီးတွင် ရမှတ် ၃၆ မှတ်ဖြင့် အဆင့်(၃)နေရာတွင် ရပ်တည်ခဲ့သည်။

**(NGB)**

## အာဂျင်တီးနားအသင်းက ဘီနင်အသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**ဗျူနိုအေးရိစ် အောက်တိုဘာ ၇**

နိုင်ငံတကာခြေစမ်းပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက အာဂျင်တီးနားအသင်းနှင့် ဘီနင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အာဂျင်တီးနားအသင်းက ဘီနင်အသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အာဂျင်တီးနားအသင်းအတွက် သွင်းဂိုး သုံးဂိုးကို ပွဲချိန် ၄၈ မိနစ်တွင် အော်တာမန်ဒီ၊ ပွဲချိန် ၆၁ မိနစ်တွင် နီကိုပက်ဇ်၊ ပွဲချိန် ၇၁ မိနစ်တွင် မက်ဆီတို့က အသီးသီးသွင်းယူပေးခဲ့ကြသည်။

ယခုပွဲစဉ်သည် အာဂျင်တီးနားအသင်း တိုက်စစ်မှူး မက်ဆီ၏ လက်ရွေးစင်ကစားသမား ဘဝ နောက်ဆုံးနှုတ်ဆက်ပွဲလည်းဖြစ်သည်။ ထို့ပြင် ယခုပွဲစဉ်တွင် မက်ဆီကို ဂုဏ်ပြုသောအားဖြင့် အားကစားကွင်းတစ်ခုလုံးက လက်ခုပ်တီးခဲ့ကြသည်။

အာဂျင်တီးနားအသင်းသည် ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလအတွင်း ခြေစမ်းပွဲ သုံးပွဲကစားထားပြီး သုံးပွဲစလုံးရာနှုန်းပြည့် နိုင်ပွဲရယူနိုင်ခဲ့သည်။

**နိုင်ကမ္ဘာ**

၀-၀-၀-၀

